ဤသို့ ရှိခိုးပူဇော်သော သိဿာနုသိဿတို့ သိကြစိမ့်သော ငှါ အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ၊ အရှင် သာရိပုတ္တရာ၊ အရှင်မဟာကစ္စည်း စသော ရဟန္တာအရှင်သူမြတ် တို့နှင့် အဋ္ဌကထာ ဆရာမြတ်တို့ အသိအမှတ် ပြုခဲ့ကြသည်။ ပဥ္စဒေဝ ဝန္ဒနာဂါထာ မည်ကြောင်းကို ပဌမအာဂ်လားဆရာ တော်ကြီး မိန့်ကြားကြောင်း ရှေးသူဟောင်းကောင်းတို့ ဆိုကြသည်။

http://www.dhammadownload.com



ဤကျင့်စဉ်သည် ယင်းနတ်မင်းကြီးငါးပါးတို့ အသီးသီး ပူဇော်ကြသော နမောတာသကို ပုတ်အိမ်း၍ ကျင့်ရသောကြောင့် ဒေဝယက္ခပူဇာကျင့်စဉ် (ဝါ) ဒေဝယက္ခပူဇာကျမ်း ဖြစ်ပါသည်။

## ကျင့်စဉ်အကျိုးများ

ဤဒေဝယက္ခပူဇာကျမ်းကို သဒ္ဓါ-သတိ-ဝီရိယ-ပညာ ထက်သန်စွာဖြင့် ကျင့်ကြမည်ဆိုပါလျှင်-

၁။ လူနတ်အပေါင်းတို့၏ပူဇော်သက္ကာရကိုခံရခြင်း၊

၂။ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း၊

၃။ မရသေးသော ရာထူး ဂုဏ်သိန်စည်းစိမ်ဥစ္စာတို့ကိုရရှိခြင်း၊

၄။ ရရှိပြီးသော ရာထူး ဂုဏ်သိန်စည်းစိမ်ဥစ္စာတို့ မယုတ် မလျော့ဘဲ ဆထက်လွန်ကဲ၍ တိုးတက်လာခြင်း၊

၅။ ကြီးကျယ်သော လာဘ်သပ္ပကာများကို ရရှိလာခြင်း၊

၆။ လူဆိုး၊နတ်ဆိုး၊ တိရစ္ဆာန်ဆိုးတို့က အန္တရာယ်အမျိုးမျိုးပြု၍ မရနိုင်ခြင်း၊

၇။ သစ်ပင်ထက်မှ လိမ့်ကျခြင်း၊ ရေနစ်ခြင်း၊ မီးလောင်ခြင်း စသော အသေဆိုးဖြင့် လက်တလောမသေရခြင်း၊

၈။ မဓတ္တမဝေသေရခြင်း၊

၉။ သေလွန်ပြီးနောက် အပါယ်သို့မရောက်ရဘဲ လူနတ်တို့၏ စည်းစိမ်ချမ်းသာကို အစဉ်ခံစားရခြင်း စသော မ်ရေတွက်

http://www.dhammadownload.com



နိုင်သော အကျိုးကျေးဇူးများ ခံစားကြရမည်ဖြစ်ပါ သည်။

ဒေဝယက္ခပူဇာစည်းကမ်းများ

ဒေဝယက္ခပူဇာ၏ အကျိုးကျေးဇူးများကို သိရှိကြ၍ ကိုယ်တိုင်ကျင့်ကြံ ပွားများလိုသော သူမြတ်အပေါင်းတို့သည် ဒေဝယက္ခပူဇာ၏ စည်းကမ်းကန့်သန့်များကို တိတိကျကျ သိရှိနားလည် ထားကြရန် စည်းကမ်းချက်များကို ဖော်ပြပေအံ့။ ဒေဝယက္ခပူဇာ၏ စည်းကမ်းတို့သည်

(၁) ကျင့်စဉ်နေရာ
(၂) ကျင့်စဉ်နေ့
(၃) သူမြတ်သိက္ခာ
(၄) ကျင့်စဉ်အဆင့်
(၅) အချိန်နှင့်ပုတီးပတ်
(၆) ကျင့်စဉ်အစီအစဉ်များ
(၇) ကျင့်စဉ်အောင်ပွဲ ဟူ၍ (၇) ချက်ရှိပေသည်။

၁။ ကျင့်စဉ်နေရာ

ထိုစည်းကမ်း ၇-ချက်တို့တွင် ကျင့်စဉ်နေရာကို

(၁) တန်ခိုးကြီးဘုရား-ပုထိုးများ
(၂) ဥမင်လှိုင်ဂူများ

http://www.dhammadownload.com



(၃) သစ်ပင်ရင်းများ ဟူ၍ သုံးနေရာသတ်မှတ်ထားပါသည်။ အခြားနေရာများတို့၌ မကျင့်ရ။ ကြီးပွားလိုလျှင် ထူးခြားစွာ လုပ်ရသည်။ သတိချပ်လေ့စေ။

(က) မိမိကျင့်မည့်နေရာကို ဘုရားဂုဏ်တော်ဖြင့် ကိုးကြိမ်ရွတ်၍ သဲ/ဆန်/ရေတို့ဖြင့် စည်းချထားပါ။

(ခ) နဝဂ်သီလမခံယူဘဲနေရာတွင်းသို့ မဝင်စေရ။

(ဂ) ကြွက်မြီးပါ အုန်းသီးတစ်လုံး၊ ငှက်ပျောသီးသုံးဖီး၊ဆေးလိပ်၊ ကွမ်းယာစုံစွာထည့်၍ တရားပွဲတော်တစ်ပွဲလှူဒါန်း ပူဇော်ထားပါ။

(ဃ) ဂုဏ်တော် (၉) ပါးကို အာရုံပြု၍ ညောင်ရေ (၉)လုံး၊ ရေချမ်း (၉) ခွက်၊ ဆီမီး (၉) တိုင်၊ အမွှေး (၉)ချောင်း၊ သစ်သီးဆွမ်း (၉)လုံး၊ အညွန့် (၉)ညွန့်စီ ထီးဖြူ (၉)လက် တံခွန် (၉)လုံး၊ အောင်လံ (၉) ခု လှူဒါန်းပါ။ (အညွန့် ထီး တံခွန် အောင်လံတို့ကို ညောင်ရေအိုး၌ထိုးပါ)

၂။ ကျင့်စဉ်နေ့

ရက်၇-ရက်တွင် မည်သည့်နေ့မဆို စတင်၍ ကျင့်နိုင်သည် ကျင့်စဉ်နေ့ သီးခြားမထားပါ။

၃။ သူမြတ်သိက္ခာ

ကျင့်စဉ်ကျင်လိုသော သူမြတ်သည် ဖော်ပြပါ သိက္ခာများကို ပြည့်စုံနေရမည်။

http://www.dhammadownload.com



(၁) ကိုယ်စိတ်နှစ်ဖြာကျန်းမာခြင်း
(၂) ဖြူစင်သောအဝတ်ကိုဝတ်ဆင်ခြင်း
(၃) ပရိတ်တော်ရေကို သောက်ချိုးခြင်း
(၄) သစ်သီးဆွမ်းကို စားခြင်း
(၅) နဝင်္ဂသီလခံယူထားခြင်း
(၆) အနည်းဆုံးမူတင် ၃-ပါးလောက်ဆောင်ထားခြင်း
(၇) သစ္စာ(၅)ချက်ခံယူခြင်း ဤသည်တို့ကား သူမြတ်သိက္ခာပေတည်း။

ကျင့်စဉ်အဆင့်

၄။ ကျင့်စဉ်အဆင့်တို့သည်
(၁) ပထမအဆင့် ၃- ရက်
(၂) ဒုတိယအဆင့် ၅- ရက်
(၃) တတိယအဆင့် ၇- ရက်
(၄) စတုတ္ထအဆင့် ၉- ရက် ဟူ၍ လေးဆင့်ခွဲထားသည်။

အချိန်နှင့်ပုတီးပတ်

၅။ မည်သည့်အဆင့်မဆို တစ်နေ့လျှင်နံနက်နေ့လည်ညနေ ဟူ၍ဆည်းဆာ (၃)ချိန် သတ်မှတ်ထားပါသည်။တစ်ချိန်ချိန်တွင် အနည်းဆုံး ဘုရားရှင်အာဝေဏိက ဂုဏ်တော်အတိုင်း ပုတီး(၁၈) ပတ်ကျစီ ဆင်ခြင်အားထုတ်ရပါမည်။

http://www.dhammadownload.com



## ၆။ ကျင့်စဉ်အစီအစဉ်များ

ကျင့်စဉ်ဝင်လိုသောသူမြတ်သည် ဤအစီအစဉ်အတိုင်း ဝင်ပါ။

(၁) ဘုရားနေရာတော်ခင်းရန်
(၂) ပင့်ဖိတ်ရန်
(၃) ကန်တော့ရန်
(၄) ပစ္စည်းများကပ်လှူရန်
(၅) ရှိခိုးဝတ်ပြုရန်
(၆) ကျင့်စဉ်ဝင်ရန် (ပုတီးစိပ်ရန်)
(၇) မဟာသမယပရိတ်တော်ကိုရွတ်ရန်
(၈) မေတ္တာပို့ရန်
(၉) အမျှပေး၍ သာဓုအနုမောဒနာ ခေါ်ယူရန်

ဤသည်တို့ကား အစီအစဉ်များ ဖြစ်ပါသည်။

### ၁။ ဘုရားနေရာတော်ခင်းရန်

အစိန္တေယျ အစိန္တေယျ အပ္ပမေယျ အပ္ပမေယျ သေဋ္ဌ၊ ဇေဋ္ဌ၊ အတုလ-ပရမံ ဘဂဝါ သမ္မာသမ္ဗုဒ္ဓ သုံးလောက ထွဋ်ထား မြတ်ဘုရား၏ စံစားတည်နေတော်မူရာ ဖွဲ့ချက်ချာမှာ၊ ပန်းရနံ့ စုံစွာ ထုံဂန္ဓာတို့ဖြင့် နေရာတော်မြတ် ခင်းထားပါကြောင်း ညွတ် ပျောင်းရိုကျိုး လက်စုံမိုး၍ ရှိခိုးနားတော် လျှောက်ဝံ့ပါသည်။

http://www.dhammadownload.com



သုံးလောက ဥလျှောင် ငါးမာန်အောင်ဇိနော် မြတ်ဘုန်းမော်ဘုရား။

၂။ ပင့်ဖိတ်ရန်

(က) ဘုရားပင့် မဟာကာရုဏိကောနာထော

ဗုဒ္ဓေါ မေ ဌာတုဝေမဗ္ဗော။

မာကာရုနိကော၊ ကြီးမြတ်သော မဟာကရုနာရှိတော်မူထသော၊ နာထော၊ ပြဟ္မာနတ်လူသုံးဘုံ သူတို့ကြည်ဖြူလေးစားအားထုတ် ကိုးကွယ်ရာ ဖြစ်တော်မူထသော၊ ဗုဒ္ဓေါ၊ သုံးလုရှင်ပင်ကျွန့်ထိပ်တင်သည်၊ဝေမဗ္ဗေါခင်းထားအပ်သောအလယ်ဗုဒ္ဓါသန-ဤနေရာဌာနသို့၊ဌာတု၊တပည့်တော်အားအစဉ်သနားတော်မူသခြင့် သွန်သင်ပြသ ဆိုဆုံးမလျှက်ကျူညီစောင့်ရှောက်တော်မူပါရန်ပင့်ဖိတ်အပ်ပါသည်။ရွှေစက်တော်လှမ်း၍ကြွမြန်းတော်မူလှည့်ပါဘုရား။

(ခ) ဝိဇ္ဇာမိုရ်ပင့်မဟိဒ္ဓိကာ ဝိဇ္ဇာဓရော

တိဋ္ဌန္တု မမ ဒက္ခိဏာ။

မဟိဒ္ဓိကာ၊ကြီးမြတ်သောတန်ခိုးဣဒ္ဓိပါဒ်ရှိတော်မူကြကုန်သော၊ဝိဇ္ဇာဓရော၊ သီလသမာဓိပညာဂုဏ်ဝါကြီးမှုလောကီလောကုတ္တရာ ဝိဇ္ဇာမိုရ် အရှင်များတို့သည်၊ မမ၊ အကျွန်ုပ်၏၊

http://www.dhammadownload.com



ဒက္ခိဏာ၊ ဗုဒ္ဓမြတ်စွာ စံနေရာက လက်ျာ်ဖက်ကျ ရပ်ဌာန၌၊ တိဋ္ဌန္တု၊ အမြဲနိစ္စ ကူညီမစ၊စောင့်ရှောက်တော်မူကြပါရန် ပင့်ဖိတ်အပ်ပါသည်။တောတောင်ခရီးကန္တာရအသီးသီးမှကြွမြန်းတော်မူလာကြပါကုန်လော့။

(၈) နတ်မင်းကြီးများဖိတ်ခေါ်ရန်

ဣန္ဒိမန္တာ-ဇုတိမန္တာ၊ဣန္ဒိမန္တာ၊တန်ခိုးဣဒ္ဓိပါဒ်ရှိကုန်သော၊ဇုတိမန္တာ၊ထိန်လင်းတောက်ပသောကိုယ်ရောင်အဆင်းလည်းရှိကုန်သော၊ ဒေဝတာ၊သိကြားပြဟ္မာ၊ဌေ၁ရဋ္ဌ၊ဝိရူဠှက၊ဝိရူပက္ခ၊ကုဝေရကသာတာဂိရိ ပရမေသွာ အသူရိန် စစ္စာသောင်းသောင်းသမ္မာဒေဝနတ် သူတော်ကောင်းတို့သည်၊ ဝါမေ၊ဗုဒ္ဓမြတ်စွာစံနေရာကလက်ဝဲဖက်ကျရပ်ဌာန၌၊အာဂစ္ဆန္တု၊အမြဲနိစ္စကူညီမစစောင့်ရှောက်နေကြရန် ဘုရားဘဂဝါ၏အမိန့်တော်အာဏာစက်ဖြင့် ဆင့်ကာခေါ်လိုက်သည်လျှင်ဆောမြန်စွာရောက်လာကြစေလော့။

(၃) အနန္တငါးပါးကန်တော့ရန်

(က) အနန္တဂုဏ်ထိုက်တော်မူသော ကကုသန်၊ဂေါဏာဂုံ၊ကဿပ၊ ဂေါတမအစရှိသောဂဂိဝါဠ္ဍု၊ သဲစုမကပွင့်တော်မူကြကုန်သောများလှသောင်းသောင်း၊ဘုရားရှင်အပေါင်းတို့၏ဂုဏ်တော်မြတ်တို့ကိုလည်းကောင်း၊

http://www.dhammadownload.com



(ခ) အနန္တဂုဏ်ထိုက်တော်မူသောသွဂ္ဂါတ အစရှိသော ဂုဏ်တော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ္တိတည်းဟူသော ဆယ်ပါး သော တရားတော်မြတ်တို့၏ ဂုဏ်တော်တို့ကို လည်း ကောင်း။

(ဂ) အနန္တဂုဏ်ထိုက်တော်မူသောသုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံတော်မူသောသမုတိ၊ ပရမတ် နှစ်ရပ်သောသံဃာတော်အရှင်မြတ်အပေါင်းတို့၏ ဂုဏ်တော်တို့ကိုလည်းကောင်း။

(ဃ) အနန္တဂုဏ်ထိုက်တော်မူကုန်သော ဤဘဝ၊ရှေးရှေးဘဝ သံသရာအဆက်ဆက်တို့က တော်စပ်ခဲ့ဖူးသော မိခင်၊ ဖခင် ကျေးဇူးရှင်တို့၏ ဂုဏ်တော်တို့ကိုလည်းကောင်း။

(င) အနန္တဂုဏ်ထိုက်တော်မူကုန်သောဤဘဝ၊ ရှေးရှေးဘဝ သံသရာအဆက်ဆက်တို့က တော်စပ်ခဲ့ဖူးသော သင်ဆရာ၊ မြင်ဆရာ၊ကြားဆရာတို့၏ဂုဏ်တော်တို့ကိုလည်းကောင်း၊ ဘုရား တပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံ တည်း ဟူသောသုံးပါးသော ကံတို့တွင် တစ်ပါးပါးသောကံ ဖြင့် ပြစ်မှားကျူးလွန်မိခဲ့သည်ရှိသော် ထိုအပြစ်တို့မှအခါ ခပ်သိမ်း ကင်းလွတ်ပါရခြင်း အကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ရှိသေ

http://www.dhammadownload.com



မြတ်နိုးလက်စုံမိုး၍ ကန်တော့ဝန်ချပါ၏ အရှင်ဘုရား။

၄။ ပစ္စည်းများကပ်လှူရန်

ကိုးဂုဏ်သခင်ကျွန့်ထိပ်တင် ဘုရားဂုဏ်တော် ကိုးပါးကို အာရုံပြု၍ ညောင်ရေ(၉)လုံး၊ ရေချမ်း(၉)ခွက်၊ ဆီမီး(၉)တိုင်၊ စသော လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းပူဇော် ဆပ်ကပ် ပါ၏။ တပည့်တော်အား သနားသောအားဖြင့် လက်ခံချီးမြှင့်ပါ ဘုရားဟု ဆို၍ ဝတ်ပြုပါ။

၅။ ရှိခိုးဝတ်ပြုရန်

က။ သာတာဂီရိ နမောရက္ခော၊ တဿစ အသူရိန္ဒေါ။
ဘဂဝတော ဣန္ဒဒေဝေါ၊ အရဟတော ပရမေသွာ။

ခ။ သမ္မာသမ္ဗုဒ္ဓ ပြဟ္မာစ၊ တေနမဿန္တိ ဂေါတမံ၊
ဝိဇ္ဇာစရဏ သမ္ပန္နံ၊ တံနမဿမိ သာဒရံ။
အန္တရာယာန ဘာဝေန၊ ဝိနသန္တု အသေသတော။

အနက်- သာတာဂီရိ-သာတာဂီရိ အမည်ရှိသော၊ ယက္ခော ယက္ခနတ်မျိုး ပိုင်အုပ်စိုး၍ တန်ခိုးကြီးသော နတ်မင်းကြီးသည် ဂေါတမံ ၊ ဂေါတမနွယ်ဖွါး ရှင်တော်မြတ်ဘုရားကို၊ နမောနမော သဒ္ဒေန၊ နမောသဒ္ဒါဖြင့်၊ သဒ္ဒါရံ ရိုသေစွာ ၊ ဝန္ဒိရှိခိုးပါ၏။

အသူရိန္ဒေါ-သူရာယစ်မူး သောက်စားကြူး၍ ပျော်မြူး စရိုက်၊ အသူရာ စသည်တသိုက်ကို တိုက်ခိုက် တွန်းလှန်

http://www.dhammadownload.com



မင်းကြီးသည် (ဝါ) အသူရိန်နတ်မျိုး တန်ခိုးကြီးလှ၊ မာယာအဆွေ မပြောသက္ခ အားကိုးရသည့်၊ တေဇမေဟိန် အသူရိန်နတ် မင်းကြီးသည်၊ ဂေါတမံ၊ ဂေါတမနွယ်ဖွား၊ ရှင်တော်မြတ်ဘုရားကို တဿ-တဿသဒ္ဒေန-တဿသဒ္ဒါဖြင့်ဝန္ဒိ၊ ရှိခိုးပါ၏။

ဣန္ဒဒေဝေါ၊ နတ်ပြည်ခြောက်ဝ စိုးပိုင်သသည့် ယူဇာသက်ထား နတ်များသခင် ဘုရင်မာဃ သက္ကကျော်လင်း သိကြားမင်းကြီးသည်၊ ဘဂဝတောသဒ္ဒေန-ဘဂဝတောသဒ္ဒါဖြင့်၊ ဂေါတမံ၊ ဂေါတမနွယ်ဖွား၊ ရှင်တော်မြတ်ဘုရားကို၊ (ဝန္ဒိ) ရှိခိုးပါ၏။

ပရမေဿာ အာသီမည်သော ဗြဟ္မာမင်း၏ သားရင်း ရတနာ တေဇာထန်ပြင်း ပရမေဿာ နတ်မင်းသည်၊ ဝါ မဟာဘူတ မူလမှန်မူ ခုနစ်ခုစား ရှစ်ခုစားဟု သက္ကဗြဟ္မာ ဓတောင်းပန်လာသျှင် ကဝိလမိုင်း ဆုံးဖြတ်ပိုင်းက ကသိဏ်းဈာန်ရ ဒေဝဗြဟ္မာ ရှုသည့်ခါတွင် သိသာခေါင်းမြတ်ကိုယ်ပင် ဖြတ်၍ မြတ်သည့် တရိ ဇောတည်ကြည်ဖြင့် အာသီထင်လင်း ဗြဟ္မာမင်း၏ သားရင်း ရတနာ တေဇာထန်ပြင်း ပရမေဿာရ နတ်မင်းသည်၊ အရဟတော သဒ္ဒေန အရဟတောသဒ္ဒါဖြင့်၊ ဂေါတမံ၊ ဂေါတမနွယ်ဖွား၊ ရှင်တော်မြတ်ဘုရားကို၊ (ဝန္ဒိ) ရှိခိုးပါ၏။

ဗြဟ္မာစ၊ သဟံပတိ အမည်ရှိသော မဟာဗြဟ္မာမင်းသည် ဝါ၊ မိမိကိုယ်တွင် ကိုယ်ပင်စိုးရ ဈာနဓမ္မာ ဈာန်ချမ်းသာဖြစ် ဘက္ခာပီတိ နှစ်သက်ခြင်း အစရှိ၍ သမာဓိဈာန် *အနာဂါမ်* ရဟန္တာ တေဇာလျှံညီး သဟံပတိ အမည်ရှိသော မဟာ ဗြဟ္မာ

http://www.dhammadownload.com



မင်းကြီးသည်၊ သမ္မာသမ္ဗုဒ္ဓ သဒ္ဓေန၊ သမ္မာသမ္ဗုဒ္ဓသဒ္ဒါဖြင့် ဂေါတမံ၊ ဂေါတမနွယ်ဖွား၊ ရှင်တော်မြတ်ဘုရားကို၊ ဝန္ဒိ၊ ပဆစ် ဒူးတုပ် လက်အုပ်ချီမိုး ရှိခိုးပေ၏။ ဝိဇ္ဇာစရဏ သမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာ ရှစ်ပါး စရဏတရား တဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော၊ တံ၊ ထို ဂေါတမနွယ်ဖွား မြတ်ဘုရားကို၊ အဟံ-တပည့်တော် သည်၊ သာဒရံ၊ ရိုသေစွာ၊ နမဿာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

အာနုဘာဝေန၊ ဘုရားမြတ်စွာ စောသတ္တာ၏ တန်ခိုး တော်ဇော် အာနုဘော်ကြောင့်၊ အန္တရာယာ၊ အန္တရာယ်ဟူသမျှတို့ သည်၊ အသေသတော၊ အကြွင်းအကျန်မရှိသောအားဖြင့်၊ ဝိန ဿန္တု၊ ကင်းစင်လွင့်ပျောက် နိုင်ပါစေကုန်သတည်း။

၆။ ကျင့်စဉ်ဝင်ရန်

ဒေဝယက္ခပူဇာကျင့်စဉ်ကို ကျင့်လိုသော သူမြတ်သည် ရေတစ်ခွက်ကို ဘုရားရှေ့တွင် ချပြီး လက်အုပ်ချီလျက် ဤသို့ ဆို၍ ကျင့်စဉ်ဝင်ပါ။

သုံးလောကပရမေ ၊ မြတ်စိန္တေဘုရား၊ တပည့်တော် (ဘယ်နေ့သား) သည်၊ ဤနေ့မှစ၍ မည်သည့်နေ့ရက်အထိ ကျင့်စဉ်မည်သည့်အဆင့်ကို ဝင်ပါမည်ဘုရား။

နေ့စဉ်နေ့တိုင်း တနေ့လျှင် သုံးချိန်ကျ တချိန်လျှင် အနည်း ဆုံး စိပ်ပုတီး (၁၈)ပတ် နမောတဿကွန်ချာကို ဆင်ခြင်ပွားမျာ ပါမည် ဘုရား။

http://www.dhammadownload.com



ကျင့်စဉ်ကာလအတွင်း

(၁) အနန္တော အနန္တ ငါးပါးကို မပြစ်မှားပါ။

(၂) ကာယဒုစရိုက်ကို မကျူးလွန်ပါ။

(၃) ဝစီဒုစရိုက်ကို မကျူးလွန်ပါ။

(၄) မနောဒုစရိုက်ကို မကျူးလွန်ပါ။

(၅) သစ်သီးဆွမ်း စားသုံးပါမည်။

ဤ(၅)ချက်ကို အရှင်ဘုရား ရှေ့မှောက်တွင် သစ္စာအဖြစ်ခံယူပါ၏။ သတိမေ့လျော့၍ ပြစ်မှားကျူးလွန်မိခဲ့သည်ရှိသော် ခွင့်လွှတ်တော်မူပါ။

ဤသစ္စာ ၅-ချက် မပျက်ကွက်ဘဲ မှန်ကန်ခဲ့သည်ရှိသော် တပည့်တော်၏ ကိုယ်စိတ်နှစ်ဖြာတို့သည် အမြဲတမ်း ကျန်းမာ ရွှင်လန်းပြီး (မိမိလိုသောဆုတခုကိုတောင်းပါ)

မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကိုလည်း လျင်မြန်ဆောစွာ မျက်မှောက်ပြုရပါလို၏ ဘုရား။ ဘုရားတပည့်တော်၏ အသက်နှင့်ခန္ဓာကိုယ်ကို မြတ်စွာဘုရားအားလည်းကောင်း၊ တရားတော်မြတ်အားလည်းကောင်း၊ သံဃာတော် အရှင်မြတ်တို့အားလည်းကောင်း အမြဲနိစ္စ လှူဒါန်းပါ၏။ သိကြား ပြဟ္မာ အစရှိသော သာသနာတော်စောင့် ကမ္ဘာစောင့် သမ္မာဒေဝ နတ်မင်းကြီး အပေါင်းတို့အား အကျွန်ုပ်၏ အသက်နှင့်ခန္ဓာ ကိုယ်ကို အမြဲနိစ္စ အပ်နှံထားလိုက်ပါ၏။ အကျွန်ုပ်အား ကျင့်စဉ် နှင့် သစ္စာတည်နေသမျှ ကာလပတ်လုံး အဖက်ဖက် အရာရာမှ

http://www.dhammadownload.com



ကူညီမစ စောင့်ရှောက်ပေးတော်မူကြပါကုန်လော" ဟုဆို၍ ချထားသော ဗေရကိုသောက်ပြီး အစီအစဉ်အတိုင်း ပုတီးစိပ်ဆင်ခြင်ပါ။

ပုတီးစိပ်ရန် - ကျင့်စဉ် အဆင့်တိုင်းတွင် ဤပုတီးစိပ်နည်း တခုတည်းကိုသာစိပ်ရမည်။ အာရုံပြုရန်မှာလည်း မြတ်စွာဘုရားအား လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ ပူဇော်နေကြပုံကိုချည်း အာရုံပြုထားပါ။

## နမောတဿကွန်ချာ

(၁) နမော

(၂) တဿ

(၃) ဘဂဝတော

(၄) အရဟတော

(၅) သမ္မာသမ္ဗုဒ္ဓဿ

(၆) နမောတဿ

(၇) နမောတဿ ဘဂဝတော

(၈) နမောတဿ ဘဂဝတော အရဟတော

(၉) နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဤ (၉) ပုဒ်ကို အနုလုံ-ပဋိလုံ အသွားအပြန်ပြု၍ ကျင့်စဉ်ရက်များပြည့်အောင် တနေ့လျှင် ၃-ချိန်ကျ တချိန်လျှင် အနည်းဆုံး စိပ်ပုတီး (၁၈) ပတ်စီ ဆင်ခြင် အားထုတ်ပါလေ။

http://www.dhammadownload.com



မဟာသမယသုတ်ကို ရွတ်ရန်

ဤမဟာသမယသုတ်ကို အဓိဋ္ဌာန်မှုထတိုင်း ထတိုင်းရွတ်ဆိုပြီး အမျှပေးဝေ၍ မေတ္တာပို့ပါ။

## မဟာသမယသုတ်ပါဠိတော်

(က) ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ ကပိလ ဝတ္ထုသ္မိံ မဟာဝနေ မဟာတာ ဘိက္ခု သံဃေန သဒ္ဓိံ ပဉ္စ မတ္တေဟိ ဘိက္ခု သတေတိ သဗ္ဗေဟေဝ အရဟန္တေဟိ။ ။

(ခ) ဒသဟိစ လောကဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိ ပတိ တာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ ဘိက္ခု သံဃဉ္စ။

(ဂ) အထခေါ စတုန္နံ သုဒ္ဓါ ပါသကာယိတာနံ ဒေဝတာနံ ဧတဒဟော သိ၊ အယံ ခေါဘဂဝါ သက္ကေသုဝိဟရတိ ကပိလဝတ္ထု သ္မိံ မဟာဝနေ၊ မဟတာ ဘိက္ခု သံဃေန သဒ္ဓိံ- ပဉ္စမတ္တေဟိ ဘိက္ခု သတေဟိ သဗ္ဗေဟေဝ- အရဟန္တေဟိ။ ဒသဟိစ လောက ဓါတူဟိ, ဒေဝတာယေဘူယျေန သန္နိပတိတာ ဟောန္တိ၊ ဘဂဝန္တံ ဒဿနာယ ဘိက္ခု သံဃဉ္စ။ ။ယံနူနမယ မ္ပိ ယေန ဘဂဝါ၊ တေနုပသင်္ကမေယျာမ။ ဥပသင်္ကမိတွာ၊ ဘဂဝတော၊ သန္တိကေ ပစ္စေကံ ဂါထံ ဘာသေယျာ မာတိ။

http://www.dhammadownload.com



(ယ) အထခေါ် တာ ဒေဝတာ သေယျထာပိနာမ၊ ဗလဝါ ပုရိ သော သမ္မိဉ္ဇိတံဝါ ဗာဟံ ပသာရေယျ၊ ပသာရိတံ ဝါ ဗာဟံ သမိဉ္ဇေယျ၊ ဧဝမေဝ သုဒ္ဓါဝါသေသု ဒေဝေသု အန္တရ ဟိတာ ဘဂဝတော ပုရတော ပါတုရဟေသုံ၊ အထ ခေါ တာဒေဝတာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌံသု။ ဧကမန္တံ ဌိတာခေါ် ဧကါဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ။

(ရ) မဟာသမယော ပဝနသ္မိံ၊ ဒေဝကာယာ သမာဂတာ၊ အာဂတမှာ ဣမံ ဓမ္မသမယံ၊ ဒက္ခိတာယေ အပရာဇိတ သံဃန္တိ။

(လ) အထ ခေါ် အပရာ ဒေဝတာ ဘဂဝတော၊ သန္တိကေ ဣမံ ဂါထံ အဘာသိ။

(သ) တတြ-ဘိက္ခဝေါ် သမာဒဟံသု၊ စိတ္တံ မတ္တနော ဥဇုကံ အကံသု။ သာရထီဝ နေတ္တာနိ ဂဟေတွာ၊ ဣန္ဒြိယာနိ ရက္ခန္တိ ပဏ္ဍိတာတိ။

(ဟ) အထခေါ် အပရာ ဒေဝတာ ဘဂဝတော၊ သန္တိကေ ဣမံ ဂါထံ အဘာသိ။

(ဠ) ဆေတွာ ခီလံ ဆေတွာ ပလိဃံ၊ ဣန္ဒခီလံ ဉဟစ္စ မနေဇာ။ တေစရန္တိ သုဒ္ဓါ ဝိမလာ၊ စက္ခုမတာ သုဒန္တာ သုသုနာဂါတိ။

(အ) အထ ခေါ် အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ။

http://www.dhammadownload.com



(၄) ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယ ဘူမိံ။ ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ တိ။

(၅) အထ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ၊ ယေဘူယျေန ဘိက္ခဝေ ဒသသု လောကဓါတူသု ဒေဝတာ သန္နိပတိတာ ဟောန္တိ၊ တထာဂတံ ဒဿနာယ ဘိက္ခု သံဃဉ္စ။

(၆) ယေပိ တေ ဘိက္ခဝေ အဟေသုံ၊ အတီတ မဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ။ တေသံပိ ဘဂဝန္တာနံ ဧတံ ပရမာ ယေဝ ဒေဝတာ သန္နိပတိတာ အဟေသုံ။ သေယျထာပိ မယှံ ဧတရဟိ။

(၇) ယေပိတေ ဘိက္ခဝေ ဘဝိဿန္တိ၊ အနာဂတ မဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ။ တေသံပိ ဘဂဝန္တာနံ ဧတံ ပရမာ ယေဝ ဒေဝတာ သန္နိပတိတာ ဘဝိဿန္တိ၊ သေယျထာပိ မယှံ ဧတရဟိ။

(၈) အာစိက္ခိ ဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ။ ကိတ္တယိ ဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ။ ဒေသေ ဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ။ တံ သုဏာထ သာဓုကံ မနသိကရောထ၊ ဘာသိဿာမီတိ။ ဧဝံ ဘန္တေတိ ခေါ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ ဘဂဝါ ဧတ ဒဝေါစ။

(တ) သိလောက မနုကဿာမိ၊ ယတ္ထ ဘုမ္မာ တဒဿိတာ။ ယေ သိတာ ဂိရိဂဗ္ဘရံ ပဟိတတ္တာ သမာဟိတာ။

(ထ) ပုထူသီဟာဝ သလ္လီနာ၊ လောမဟံသာဘိ သမ္ဘုနော၊ ဩဒါတ မနသာ သုဒ္ဓါ၊ ဝိပ္ပသန္နာ မနာဝိလာ။

(ဒ) ဘိယျော ပဉ္စ သတေဉတွာ၊ ဝနေကာပိလ ဝတ္ထဝေ၊ တတော အာမန္တယီ သတ္ထာ၊ သာဝကေ သာသနေ ရတေ။

(ဓ) ဒေဝကာယာ အဘိက္ကန္တာ၊ တေဝိဇာနာထ ဘိက္ခဝေါ၊ တေစ အာတပ္ပ မကရုံ၊ သုတွာ ဗုဒ္ဓဿ သာသနံ။

(န) တေသံပါတု ရဟုဉာဏံ၊ အမနုဿာန ဒဿနံ။ အပ္ပေကေ သတ မဒ္ဒက္ခုံ၊ သဟဿံ အထ သတ္တရိံ။

(ပ) သတံဧကေ သဟဿာနံ၊ အမနုဿာန မဒ္ဒသုံ၊ အပ္ပေ ကေနန္တ မဒ္ဒက္ခုံ၊ ဒိသာ သဗ္ဗာ ဖုဋာ အဟုံ။

(ဖ) တဉ္စ သဗ္ဗံ အဘိညာယ၊ ဝဝတ္ထိတွာန စက္ခုမာ၊ တတော အာမန္တယီ သတ္ထာ၊ သာဝကေ သာသနေရတေ။

(ဗ) ဒေဝကာယာ၊ အဘိက္ကန္တာ၊ တေဝိဇာနာထ ဘိက္ခဝေါ၊ ယေ ဝေါဟံ ကိတ္တယိဿာမိ၊ ဂိရာဟိ အနုပုဗ္ဗသော။

၁။ သတ္တ သဟဿာ တေယက္ခာ၊ ဘုမ္မာ ကာပိလ ဝတ္ထဝါ၊ ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော၊ ယသဿိနော။ မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံဝနံ။

http://www.dhammadownload.com



၂။ ဆ သဟဿ ဟေမဝတာ၊ ယက္ခာ နာနတ္တ ဝဏ္ဏိနော၊ ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော၊ ယသဿိနော။ မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၃။ သာတာဂိရာ တိသဟဿာ၊ ယက္ခာနာနတ္တ ဝဏ္ဏိနော၊ ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော၊ ယသဿိနော။ မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၄။ ဣစ္စေတေ သောဠသ သဟဿာ၊ ယက္ခာနာနတ္တဝဏ္ဏိနော ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော၊ ယသဿိနော။ မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၅။ ဝေဿာမိတ္တာ ပဉ္စသတာ၊ ယက္ခာ နာနတ္တ ဝဏ္ဏိနော၊ ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော၊ ယသဿိနော။ မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၆။ ကုမ္ဘီရော ရာဇဂဟိကော၊ ဝေပုလ္လဿ နိဝေသနံ၊ ဘိယျော နံ သတသဟဿံ၊ ယက္ခာနံ ပယိရုပါသတိ။ ကုမ္ဘီရော ရာဇဂဟိကော သောပါဂါ သမိတိံ ဝနံ။

၇။ ပုရိမဉ္စ ဒိသံရာဇာ၊ ဓတရဋ္ဌော ပသာသတိ။ ဂန္ဓဗ္ဗာနံ အဓိပတိ မဟာရာဇာ ယသဿိသော၊ ပုတ္တာပိတဿ ဗဟဝေါ၊ ဣန္ဒနာမော မဟဗ္ဗလာ။

၈။ ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော၊ ယသဿိနော။ မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

http://www.dhammadownload.com



၉။ ဒက္ခိဏသ္မိ ဒိသံရာဇာ၊ ဝိရူဠှော တိ ပဿာသတိ၊ ကုမ္ဘဏ္ဍာနံ အဓိပတိ မဟာရာဇာ ယသဿိသော၊ ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒ နာမာ မဟာဗ္ဗလာ။

၁၀။ ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော၊ ယသဿိနော။ မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခုနံ သမိတိံဝနံ။

၁၁။ ပစ္ဆိမဥ္စ ဒိသံရာဇာ၊ ဝိရူပက္ခော ပဿာသတိ၊ နာဂါနဉ္စ အဓိပတိ မဟာရာဇာ ယသဿိသော ပုတ္တာပိ တဿဗဟဝေါ၊ ဣန္ဒ နာမာ မဟာဗ္ဗလာ။

၁၂။ ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော၊ ယသဿိနော။ မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခုနံ သမိတိံဝနံ။

၁၃။ ဥတ္တရဉ္စ ဒိသံရာဇာ၊ ကုဝေရောတံ ပဿာသတိ။ ယက္ခာနဉ္စ အဓိပတိ မဟာရာဇာ ယသဿိသော၊ ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒ နာမာ မဟာဗ္ဗလာ။

၁၄။ ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော၊ ယသဿိနော။ မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခုနံ သမိတိံဝနံ။

၁၅။ ပုရိမံ ဒိသံ ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော၊ ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

၁၆။ စတ္တာရော တေမဟာရာဇာ၊ သမန္တာ စတုရောဒိသာ၊ ဒဒ္ဒလ္လ မာနာ အဋ္ဌံသု၊ ဝနေကာပိလ ဝတ္ထုဝေ။

၁၇။ တေသံ မာယာဝိနော ဒါသာ၊ အာဂုံ ဝဉ္စနိကာသဌာ၊ မာယာ

http://www.dhammadownload.com



ကုဋ္ဌေဟ္ဏု ဝိဋ္ဌေဟ္ဏု၊ ဝိမ္ဗုမ္ဗ ဝိမ္ဗုတောသဟာ၊ စန္ဒနော
ကာမသေဋ္ဌာစ၊ ကိန္နုဃဏ္ဍု နိဃဏ္ဍုစ။

၁၈။ ပနာဒေါ ဩပမညောစ ဒေဝ သုတောစ မာတလိ၊ စိတ္တ
သေနောစ ဂန္ဓဗ္ဗော၊ နဠောရာဇာ ဇနေသဘော။

၁၉။ အာဂုံပဋ္ဌသိခေါ စေဝ၊ တိမ္ဗရူ သူရိယ ဝစ္ဆသာ၊ ဧတေစ
ညေ့ စရာဇာနော၊ ဂန္ဓဗ္ဗာသဟရာဇုဘိ။ မောဒမာနာ ဘတိ
ဂ္ဂုမုံ တိက္ခုနို သမိတိံ ဝနံ။

၂၀။ အထာဂုံ နာဂသာ နာဂါ၊ ဝေသာလာသဟ တစ္ဆကာ၊
ကမ္ဗလဿ တရာ အာဂုံ၊ ပါယာ ဂါသဟ ဉာတိဘိ။

၂၁။ ယာမုနာ ဓတရဋ္ဌာစ၊ အာဂုံနာဂါယသဿိနော၊ ဧရာ
ဝဏော မဟာနာဂေါ၊ သောပါဂါ သမိတိံဝနံ။

၂၂။ ယေနာဂရာဇေ သဟသာ ဟရန္တိ၊ ဒိဗ္ဗာဒိဇာပက္ခိ ဝိသုဒ္ဓ
စက္ခူ။ ဝေဟာယသာ တေဝန မဇ္ဈပတ္တာ၊ စိတြ သုပဏ္ဏာ
ဣတိ တေသံ နာမံ။

၂၃။ အဘယံ တဒါ နာဂရာဇာနံ မာသိ၊ သုပဏ္ဏတော ခေမ
မကာသိ ဗုဒ္ဓေါ၊ သဏှာဟိ ဝါစာဟိ၊ ဥပဝှယန္တာ၊ နာဂါ
သုပဏ္ဏာ သရဏ မကံသုဗုဒ္ဓံ။

၂၄။ ဇိတာ ဝဇိရ ဟတ္ထေန၊ သမုဒ္ဒံ အသုရာသိတာ၊ ဘာတရော
ဝါသဝဿေတေ၊ ဣဒ္ဓိ မန္တော ယသဿိနော။

၂၅။ ကာလကဉ္စာ မဟာဘိသ္မာ၊ အသုရာဒါနဝေ ယသာ၊ ဝေ

http://www.dhammadownload.com



ပစိတ္တိ သုစိတ္တိစ၊ ပဟာရာဒေါ နမုစိသဟာ။

၂၆။ သတာ စ ဗလိ ပုတ္တာနံ၊ သဗ္ဗေဝေရောစ နာမကာ၊ သန္နယှိတွာ ဗလိသေနံ၊ ရာဟုဘဒ္ဒ မုပါဂမုံ။ သမယော ဒါနိ ဘဒ္ဒန္တေ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၂၇။ အာပေါစ ဒေဝါ ပထဝီ၊ တေဇော ဝါယောတဒါဂမုံ။ ဝရုဏာ ဝါရဏာ ဒေဝါ၊ သောမောစ ယသသာသဟ။

၂၈။ မေတ္တာ ကရုဏာ ကာယိကာ၊ အာဂုံဒေဝါယသဿီနော၊ ဒသေတေ ဒသဓါကာယာ၊ သဗ္ဗေနာနတ္တ ဝဏ္ဏိနော။

၂၉။ ဣဒ္ဓိမန္တော ဇုတိမန္တော ဝဏ္ဏဝန္တော ယသဿီနော မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံဝနံ။

၃၀။ ဝေဏ္ဍူဒေဝါသဟလိစ၊ အသမာ စဒုဝေယမာ၊ စန္ဒဿူပနိသာဒေဝါ စန္ဒမာဂုံ ပုရက္ခိတွာ။

၃၁။ သူရိယ ဿူပနိသာဒေဝါ၊ သူရိယ မာဂုံပုရက္ခိတွာ၊နက္ခတ္တ နိဿိတာဒေဝါ၊ နက္ခတ္တာနိ ပုရက္ခိတွာ၊ အာဂုံ မန္ဒဝလာ ဟကာ။

၃၂။ ဝသူနံ ဝါသဝေါ သေဋ္ဌော၊ သက္ကောပါဂါ ပုရိန္ဒဒေါ၊ ဒသေတေ ဒသဓါကာယာ၊ သဗ္ဗေနာနတ္တ ဝဏ္ဏိနော။

၃၃။ ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿီနော၊ မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံဝနံ။

၃၄။ အထာဂုံသဟဘူဒေဝါ၊ ဇလမဂ္ဂိသိခါရိဝ၊ အရိဋ္ဌကာစရောဇာစ၊ ဥမ္မာပုပ္ဖနိဘာသိနော။

http://www.dhammadownload.com



၃၅။ ဝရုဏာသဟာဓမ္မာစ၊ အစ္ဆုတာစ အနေဇကာ၊
သုလေယျ ရုစိရာအာဂုံ၊ အာဂုံဝါသဝနေသိနော။
ဒသောတေဒသဓာကာယာ၊
သဗ္ဗေနာနတ္တ ဝဏ္ဏိနော။
၃၆။ ဣဒ္ဓိမန္တော၊ ဇုတိမန္တော၊ ဝဏ္ဏဝန္တောယသဿိနော၊
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံဝနံ။
၃၇။ သမာနာ မဟာသမာနာ၊ မာနုသာမာနုသုတ္တမော၊
ခိဍ္ဍာပဒေါသိကာအာဂုံ၊ အာဂုံမနောပဒေါသိကာ။
၃၈။ အထာဂုံ ဟရယောဒေဝါ၊ ယေစလောဟိတဝါသိနေ
ပါရဂါ မဟာပါရဂါ။
၃၉။ အာဂုံဒေဝါ ယသဿိနော၊ ဒသောတေ ဒသဓါကာယာ၊
သဗ္ဗေ နာနတ္တ ဝဏ္ဏိနော။
၄၀။ ဣဒ္ဓိ မန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော၊
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။
၄၁။ သုက္ကာ ကရမ္ဘာ အရုဏာ။
အာဂုံဝေဃနသာ သဟ၊ ဩဒါတဂယှာ ပါမောက္ခာ၊
အာဂုံ ဒေဝါဝိစက္ခဏာ။
၄၂။ သဒါမတ္တာ ဟာရဂဇာ၊ မိဿကာစယသဿိနော။
ထနယံ အာဂ ပဇ္ဇုန္နော၊ ယောဒိသာ အဘိဝဿတိ။
ဒသေတေ ဒသဓါကာယာ၊ သဗ္ဗေနာ နတ္တ ဝဏ္ဏိနော၊
၄၃။ ဣတိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော၊

http://www.dhammadownload.com



မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။
၄၄။ ခေမိယာ တုသိတာ ယာမာ၊ ကဋ္ဌကာစ ယသဿိနော
လမ္ဗီတကာ လာမ သေဋ္ဌာ၊ ဇောတိနာမာစ အာသဝါ။
၄၅။ နိမ္မာနရတိနော အာဂုံ၊ အထာဂုံ ပရနိမ္မိတာ။
ဒသေတေ ဒသဓါကာယာ၊ သဗ္ဗေနာနတ္တဝဏ္ဏိနော၊
၄၆။ ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော၊
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။
၄၇။ သဋ္ဌေတေဒေဝနိကာယာ၊ သဗ္ဗေနာနတ္တဝဏ္ဏိနော၊
နာမန္ဝယေန အာဂစ္ဆုံ၊ ယေစညေ သဒိသာသဟ။
၄၈။ ပဝုဋ္ဌဇာတိ မခိလံ၊ ဩဃတိဏ္ဏ မနာသဝံ။
ဒက္ခေမောဃတရံနာဂံ၊ စန္ဒံဝအသိတာတိဂံ။
၄၉။ သုဗြဟ္မာ ပရမတ္တောစ၊ ပုတ္တာဣဒ္ဓိမတောသဟ၊
သနင်္ကုမာရော တိဿောစ၊ သောပါဂ သမိတိံ ဝနံ၊
၅၀။ သဟဿံ ဗြဟ္မ လောကာနံ၊ မဟာဗြဟ္မာ ဘိတိဋ္ဌတိ။
ဥပပန္နောဇုတိမန္တော၊ ဘိသ္မာကာယော ယသဿီသော၊
၅၁။ ဒသေတ္ထ ဣဿရာအာဂုံ၊ ပစ္စေက ဝသဝတ္တိနော၊
တေသဉ္စ မဇ္ဈတော အာဂ၊ ဟာရိတော ပရိဝါရိတော။
၅၂။ တေစသဗ္ဗေ အဘိက္ကန္တေ၊ သဣန္ဒေဒေဝေ သဗြဟ္မကေ၊
မာရသေနာ အဘိက္ကာမုံ၊ ပဿကဏှဿ မန္ဒိယံ။
၅၃။ ဧထ ဂဏှထ ဗန္ဓထ၊ ရာဂေန ဗဒ္ဓမတ္ထုဝေါ၊
သမန္တာ ပရိဝါရေထ၊ မာဝေါမုဉ္စိတ္ထ ကောစိနံ။

http://www.dhammadownload.com



၅၄။ ဣတိတတ္ထ မဟာသေနော၊ ကဏ္ဍောသေနံအပေသယိ၊
ပါဏိနာ ထလ မာဟစ္စ၊ သရံကတွာနတေရဝံ။

၅၅။ ယထာ ပါဝုသကောမေဃော၊ ထနယန္တော သဝိဇ္ဇုကော
တဒါသော ပစ္စုဒါဝတ္တိ၊ သက္ကိဒ္ဓေါ အသယံ ဝသေ။

၅၆။ တဥ္စသဗ္ဗံ အဘိညာယ၊ ပဝေကွိတွာန စက္ခုမာ။
တတောအာမန္တယိသတ္ထာ၊ သာဝကေသာသနေ့ရတေ။

၅၇။ မာရသေနာ အဘိက္ကန္တာ၊ တေဝိဇာနာထ ဘိက္ခဝေါ။
တေစ အာတပ္ပ မကရုံ၊ သုတွာ ဗုဒ္ဓဿသာသနံ၊
ဝီတ ရာဂေဟိ ပက္ကာမုံ၊ နေသံလော မံပိ ကွဥ္စယုံ။

၅၈။ သဗ္ဗ ဝိဇိတ သင်္ဂါမာ။
ဘယာတီတာ ယသဿိနော။
မောဒန္တိသဟ ဘူတေဟိ။
သာဝကာတေဇနေ သုတာတိ။

" မဟာသမယ သုတ်ပါဠိတော်ပြီး၏ "

မဟာမြတ်မုနိ အစိဋ္ဌာန်ကျင့်စဉ်

မဟာမုနိဘုရား၏ အံ့ဖွယ်ရှစ်ပါး

* တိရစ္ဆာန် ကျေးငှက် သတ္တဝါအပေါင်းတို့သည် ရုပ်တုတော်မြတ်၏ ရွှေပြသာဒ်အပေါ် လွှားကျော် ခုန်ပျံနားနေခြင်းငှာ မဝံ့ခြင်း။

http://www.dhammadownload.com



* ရုပ်တုတော်မြတ်၏ ရွှေမျက်နှာတော်သည် ထွန်းပေါ်ထွက်စသော လပြည့်ဝန်းသဏ္ဌာန်ကဲ့သို့ နေ့ညဥ့်မပဲ့ ရှုမရဲအောင် အမြဲထွန်းဖက်ငြိး တောက်ပသော ရောင်ခြည်တော်မြတ်ကို စွန့်လွှတ်တော်မူခြင်း။

* မိစ္ဆာယူမှား မတရားကျင့်ကြံသော ဗုဒ္ဓသိလပုဂ္ဂိုလ်တို့သည် ထိုရုပ်တုတော်မြတ်ကို ရှုကြည့်ဝင်ဖူးသော်လည်း သောက်ရှုပမာ ရွှေမျက်နှာတော်သည် ညိုပြာမှောင်လျက် အရောင်မထွက်ခြင်း။

* ရုပ်တုတော်မြတ်၏ သဏ္ဌာန်တော်ကို ပုံယူခါတ်ကူး၍ ရေးသားသွန်းလုပ်သော်လည်း ပင်ပန်းကာမျှ ကျနပီပြင်စွာ မကူးယူနိုင်ခြင်း။

* တရားဆိုင် အမှုပြိုင် အနိုင်အရှုံး ကျင့်သုံးမှုသား ကျိန်ဆိုငြားလည်း ထင်ရှားလက်ငင်း ပျက်ယွင်းထိရောက်စေနိုင်သော တန်ခိုးတော်ကြီးမားခြင်း။

* ရဟန်းရှင်လူ ပြည်သူပြည်သား လူအများတို့သည် သဒ္ဓါတရားတိုးပွား တက်ကြွသောကြောင့် ကုဋေသိန်းသောင်းမကသော ရွှေပြား၊ ရွှေဆိုင်းတို့ဖြင့် နေ့တိုင်း ကပ်လှူကြပါသော်လည်း ပြေပြစ်သန့်စင် ပြည့်ဖြိုးဖွင့်သော ကိုယ်တော်ရှိခြင်း။

* တစ်ဆယ့်နှစ်လ၊ မည်သည့်အခါ သမယမဆို ညဥ့်ပါနေ့ရော၊ သောသောညံညံ၊ အသံမစဲ ပွဲတော်သဘင် လူရှင်အများ စည်ကားဖူးရောက်သော တန်ခိုးတော်မြတ်ကြီးခြင်း။

http://www.dhammadownload.com



တန်ခူးကဆုန်စသော သကြန်အတာ ရေသွန်းခါ၌ ဝဲယာ ရှေ့နောက် မိုးပေါက်မိုးသီးမက အိုးကြီးအိုးငယ်တို့နှင့် ရေ သပ္ပါယ်ကြ ပါသော်လည်း ရှေ့တော်ဝယ်အပါး၌ ရေမနား မတည်နိုင်သော တန်ခိုးတော်မြတ်ကြီးခြင်း။

## မဟာမုနိဘုရားရှိခိုး (အကျဉ်း)

### ဩကာသ၊ ဩကာသ၊ ဩကာသ

လောကထွဋ်ချာ၊ ရောင်ခြောက်ဖြာနှင့် မဟာမုနိ မည်တော် ရှိသည်၊ မုနိရှင်ချစ်၊ ညီတော်ဇစ်ကို၊ စင်စစ်စေရှေး ပေါ်ထုတ် ဖွေရာ၊ လွန်လေရှေးက၊ စန္ဒသူရိယ၊ မင်းလှရာဇာ၊ ဒါယကာနှင့်၊ ပြဟ္မာသိကြား၊ နဂါးဂဠုန် ကုမ္ဘဏ်များစွာ နတ်တကာတို့ ရတနာ ထွင်ထား၊ မြတ်ကိုယ်စားကို၊ ကိုးပါးရတနာ၊ မြတ်အင်္ဂါဖြင့်၊ မှန်စွာ မယွင်း၊ သွန်းလုပ်ပြီးခါ၊ ထိုအခါသော်၊ ထိပ်တော်မစိ၊ ရင်တော်မှိ ကို ၊ ခုနစ်လက်ခွဲ၊ ထည့်တုတ်(ပြီး)မှ၊ ချင်းချင်းစေရှေ ဏ္ဍာန်ဖြေ ရှုပ၊ ထိုခဏ၌၊ ကြွကြွထလျှင်၊ ပလ္လင်ဗွေထက်၊ စုံမက်ဆပွား၊ နှစ်ပါးအတူ၊ နေ(ထိုင်)တော်မူက(၍) ညီလှငါတူ၊ မထမူဘဲ၊ ငါမူ အယောင်၊ အဟန်ဆောင်လျက်၊ လှဘောင်မှန်ကင်း။ နေလိုက် မင်း(နှင်း)ဟု၊ ရှင်ရင်းကိုယ်စား၊ ထားခဲ့မှန်စွာ၊ မဟာမုနိ ဘုန်းရှိ ထွင်ထား၊ ကိုယ်တော်စားကို၊ မြောက်ထားပင့်ညောင်း။ လက် ဆယ်ချောင်းစုံ(စု)ပေါင်းမကွာ၊ ဖူးပါရသား၊ အကျိုးအားဖြင့်၊

http://www.dhammadownload.com



လိုလားတောင့်တ၊ ပြည့်စေသော်ဝ်၊ ဩကာသ၊ ဩကာသ၊ ဩကာသ၊ မြတ်ရှင်စော။

## မဟာမုနိဘုရားရှိခိုးကြီးတစ်နည်း

ဩကာသ၊ ဩကာသ၊ ဩကာသ

လောကထွဋ်ချာ၊ ရောင်ခြောက်ဖြာနှင့် မဟာမုနိ မည်တော်ရှိသည်၊ မုနိရှင်ချစ်၊ ညီတော်ဖစ်ကို၊ စစ်စစ်ရိုးရှေး ထုတ်ပေါ်ပေကာ၊ လွန်လေရှေးခါ၊ စန္ဒသူရိယ၊ မင်းလှမှန်စွာ၊ ဒါယကာတို့၊ ဗြဟ္မာသိကြား၊ နဂါးဂဠုန်၊ ကုမ္ဘဏ်များစွာ၊ နတ်တကာတို့၊ ရတနာထွဋ်ထား၊ မြတ်ကိုးပါးကို၊ ကိုယ်စားတော်ဟန်၊ သဏ္ဌာန်တူစွာ၊ သွန်းပြီးခါမှ၊ ဖူးရပါကြောင်း၊ အခွင့်တောင်းသော်၊ ကောင်း၏ ဒါယကာ၊ မင်းတကာတို့၊ မြတ်စွာထွဋ်ရှင်၊ ရှင်ပင်မြတ်လေး၊ အခွင့်ပေးကာ၊ သွန်းပြီးမှသော်၊ မြတ်ဇိနော်ကို၊ ထိပ်တော်မစေ့၊ ရှိပေ၏ဟု၊ ဖူးတွေ့လူနတ်၊ ကိုယ်တော်မြတ်အား၊ ပန်လျှောက်ကြားသော်၊ သုံးလူ့ဘော်လည်း၊ သံဗတော်ကျူးကြွေး (၏)၊ ငါ့အရေဟု၊ မိန့်တော်ပြုကာ၊ ရွှေရင်မွှေ့ကို၊ ပွတ်ကာပွတ်ကာ၊ ခုနစ်ခါလျှင်၊ မြတ်စွာရှင်ရင်း၊ အသက်သွင်း၍၊ ချက်ချင်းစိရေ၊ ကြွရွေ့ရုပ်၊ ထိုခဏ၌၊ တစေ့မှလျှင် ပလ္လင်ခေါက်၍၊ ရာမင်းသဘော၊ နှစ်ပါးအတူ၊ ညီတော်မူကား၊ စကားစံမြင့်၊ ပြောဟောကာနှင့်၊ ပြည်သူ့သခင်၊ ပြည်အရှင်ဟု၊ ဆံလျှင်မယွင်း၊ မလွဲ

http://www.dhammadownload.com



ကိုယ်မှာ၊ ကိုယ်သာအစစ်၊ ရှင်စောဖြစ်ဟု၊ ရှင်ချစ်တူပြိုင်၊ မသိနိုင်ဘဲ၊ ဘုန်းခေါင်ထက်မင်း၊ နောင်တော်ရင်းကို၊ သနင်းထွဋ်ခေါင်၊ ငါးမာရ်အောင်စေ၊ ခြောက်ရောင်ထွန်းပ၊ ကြွတော်မူခါ။ မဟာမုနိ၊ ဘုန်းရှိထွဋ်ထား၊ မြတ်ဘုရားသည်၊ စင်စစ်ယခု၊ လိုက်မည်ပြုကာ၊ မြတ်စွာထိပ်ထား၊ ရွှေလက်ဝါးနှင့်၊ ဆီးယင့်တားသော်၊ ရွှေနှုတ်ဖော်၍၊ ညီတော်နေလိုက်၊ ပါ့ရှင်ချစ်ဟု၊ တားလိုက်သော်ခါ။ အများပရိသတ်၊ လူနှင့်နတ်တို့ မချွတ်မှန်စွာ၊ ရောက်သောခါဝယ်၊ ငါးထောင်သာသနာ၊ ရှည်ကြာပွင့်ဖြား၊ စကားမပြော၊ တုံကျိဘာဝေ၊ ညီတော်နေလိုက်၊ မည်သည့်ဖြစ်ကို၊ ရှင်ချစ်ကိုယ်စား၊ ထားခဲ့မှန်စွာ၊ မဟာမုနိ၊ ဘုန်းရှင်ထွဋ်ထား၊ မြတ်ဘုရားကို၊ ကိုယ်ညွှန့်တော်ပန်းတောင်း၊ လက်ဆယ်ချောင်းဖြင့်၊ စုပေါင်းမကွာ၊ ဖူးရပါဖြား၊ ဒကျိုးအားဖြင့်၊ လေးပါးမဂ်ဖိုလ်၊ နိဗ္ဗာန်ကိုလျှင်၊ ဝင်ရောက်ပါလိုသော၊ မြတ်ရှင်စော။

သြကာသ၊ သြကာသ၊ သြကာသ၊ မြတ်ရှင်စော။

## မဟာမုနိဘုရားရှိခိုးကြီးတစ်နည်း

အစိန္တေယျ၊ အစိန္တေယျ၊ အစိန္တေယျ နှိုင်းမမျှသား၊ ထွန်းပရွှင်ချိန်၊ ဝရဇိန်ဟု၊ အရှိန်ထန်ပြင်း၊ ခြောက်ရောင်လင်းသည်၊ ရှင်းရင်းဘုရား၊ ဘုံသုံးပါးကို၊ ရိုညွှတ်ကြည်တုပ်၊ အကျွန်ုပ်သည်၊

http://www.dhammadownload.com



ထုတ်ပေါ်ပေအံ့။ လွန်လေသော်ခါ၊ စန္ဒသူရိယ၊ မင်းလှမြတ်စွာ၊ ဒါယကာလည်း၊ ဗြဟ္မာသိကြား၊ နဂါးဂဠုန်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗတို့၊ တစ်ရာ့ထီးဆောင်း၊ မင်းအပေါင်းလည်း၊ တစ်သောင်းအမတ်၊ ကြွလတ်ညီစွာ၊ ရတနာအများ၊ မြတ်ကိုးပါးကို၊ ကိုယ်စားတော်ဟု၊ ရုပ်ဆင်းတုကို၊ သဏ္ဌာန်တူစွာ၊ သွန်းရပါကြောင်း၊ အခွင့်တောင်းက၊ ကောင်း၏ ဒါယကာ၊ မင်းတကာလည်း၊ သဒ္ဓါထွင့်တင်၊ ရှင်ပင်မြတ်လေး၊ အခွင့်ပေးက၊ သွန်းကုန်ရသော်၊ မြတ်ငိနော်၏၊ ကိုယ်စားတော်မှာ၊ ထိပ်တော်မစိ၊ လပ်၍ရှိက၊ လျှောက်ပိသောခါ၊ ငါ့တာဝန်တာ၊ ဖြစ်တော့ပါဟု၊ ရွှေရင်မွေ့တော်၊ ပွေ့ကာပွေ့ကာ၊ ခုနစ်ခါလျှင်၊ ထည့်တော်ကျင်မှ၊ သက်တော်ဝင်ဘိ၊ ချင်းချင်းစိလေ၊ ဣန္ဒြေရှုပ၊ ထိုခဏ၌၊ ကြွကြွထလေ၊ ပလ္လင်ဗွေထက်၊ စုံမက်ဆာပွား၊ နှစ်ပါးယှဉ်တူ၊ နေတော်မူခါ၊ ဝေါဟာရစကား၊ မြွက်ကြားသဖွယ်၊ ထင်ကြသည်ကား၊ ဇာသူချစ်ရှင်၊ ဇာသခင်လည်း၊ ဆံပင်တခြမ်း၊ မယွင်းမှန်စွာ၊ တူတော့ပါဟု၊ များစွာနတ်လူ၊ တွေးယူကြံဆ၊ မသိရကြောင်း၊ ဗုဒ္ဓစင်စစ်၊ ငါပင်ဖြစ်ဟု၊ ရှင်ချစ်ဘုရား၊ မိန့်တော်ကြားမှ၊ သိကြလေရာ၊ ထိုခါဝယ်၌၊ ဘုန်းကြွယ်ထွင့်ထား မြတ်ဘုရားလည်း၊ နတ်လူပင့်သည်၊ ကြွမည်ကြံခါ၊ မဟာမုနိ၊ သွန်းဘိဖျူးဖျူး၊ မြတ်ဆင်းတုက၊ ယခုလိုက်မည်၊ လျှောက်ကြားလေသော်၊ ညီတော်နိလိုက်၊ ငါ့ရှင်ချစ်ဟု လိုက်ခွင့်မသင့်၊ တားလင့်သောခါ၊ ငါဗုဒ္ဓလည်း၊ ဇိဝါသက်

http://www.dhammadownload.com



ရှည်၊ ရှစ်ဆယ်ပြည့်ခါ၊ မင်းမလ္လာသို့၊ ပင့်ချိန်ရွှေမော၊ အင်းကြွင်းတောဝယ်၊ စံခိမည်ဟု၊ စံမည်သောခါ၊ လက်ဝဲကာ၍၊ စကားမပြော တုဏှီဘာဝေ၊ ဆိတ်ဆိတ်နေဟု၊ မိန့်တော်ပြုက၊ မြတ်ဇိနေ၏ ကိုယ်စားဖြစ်ဘိ၊ မြတ်မုနိကို၊ ဆယ်ဖြာလက်စုံ၊ ထိပ်ဝယ်ရုံ၍ တွယ်ယူပန်ထွာ၊ ဖူးရပါသား၊ ကောင်းကျိုးအားဖြင့်၊ အမျိုးကောင်းသား (သားယောကျ်ား၊ သမီးမိန်းမ) စင်စစ်ဆက်တိုင်ဖြစ်၍၊ အနှစ်များစွာ၊ သံသရာ၌၊ ငါးဖြာရန်သူ၊ မပြုတုံရှောင်းသူတော်ကောင်းနှင့်၊ ပေါင်းရသည်ကို၊ တောင်းဆုဆို၍၊ နောင်သောအခါ၊ သုံးရွာလူ့ ဘ၊ မိတ္တေယျရှင်၊ ပတ္တမြားပလ္လင်၊ ကံ့ကော်ပင်၌၊ အောင်မြင်သစွာ၊ ပွင့်သော်ခါလျှင်၊ လက်ငင်းပထမ၊ ဖူးတွေ့ရ၍၊ ပဋိသမ္ဘိဒါလေးဝ၊ မဂ္ဂစတု၊ ရှစ်ခုအဘိညာဉ်၊ စျာန်ယာဉ်မှန်ဖြင့်၊ နိဗ္ဗာန်အောင်ခန်း၊ ခေမာလမ်းကို၊ တန်းလန်းမတ်မတ်၊ မချွတ်ကျွန်ုပ်၊ ရောက်ရစေသော်ဝ်။

ဩကာသ၊ ဩကာသ၊ ဩကာသ၊ မြတ်ရှင်စော။

## မဟာမုနိဘုရားရှိခိုး (မှန်မှန်)

ဩကာသ၊ ဩကာသ၊ ဩကာသ၊ လောကသတ္တ၊ သဗ္ဗညု၏၊ သုံးလူထွဋ်ချား ရောင်ခြောက်ဖြာနှင့်၊ မဟာမုနိ မည်တော်ရှိသည်၊ မုနိရှင်ချစ်၊ ညီတော်စစ်ကို၊ စင်စစ်ရေ့ရှေ့ ထုတ်ဖော်

http://www.dhammadownload.com



ပေအံ့၊ လွန်လေရှေးခါ၊ စန္ဒာသူရိယ၊ မင်းမြတ်လျှာ၊ တကာ
တော်လျှင်၊ ရတနာအား၊ မြတ်ကိုးပါးနှင့်၊ ကိုယ်စားတော်ဟန်၊
သဏ္ဌာန်တူစွာ၊ သွန်းပြီးမှာလျှက်၊ ဖူးရပါကြောင်း၊ အခွင့်တောင်း
သော်၊ ကောင်း၏ဒါယကာ၊ မင်းသဗ္ဗါမြင့်၊ မြတ်စွာဘုန်းတူ၊
ပေးတော်မူမှု၊ ကြည်ဖြူဆပွား။ လူအများနှင့်၊ နဂါးဂဠုန်၊ ကုမ္ဘဏ်
ယက္ခ၊ သိကြားစသည်၊ တူကြည်တွေ၊သွန်းကြလေသော်၊ မြတ်ရှင်
တော်မှာ၊ ထိပ်တော်မစီ၊ ရှိပေ၏ဟု၊ ဘုန်းရှိလူထွဋ်၊ ကိုယ်တော်
မြတ်ကို၊အတတ်မှုချ၊ လျှောက်ထားကြသော်၊ သုံးလုဘော်လည်း၊
ငါ့အရေးဟု၊ မိန့်တော်ပြုက၊ ရွှေရင်ငွေ့ကို၊ ပွတ်ကာပွတ်ကာ၊
ခုနစ်ခါမြင့်၊မြတ်ကျော်ရှင်ရင်း၊ သက်တော်သွင်းက၊ ချက်ချင်း
စေ့လေ၊ ဣန္ဒြေရူပ၊ ထိုခဏပင်၊ ကြွတော်မူလျှင်၊ ပလ္လင်ထက်
ဝယ်၊ ခြောက်သွယ်ရောင်ရှိန်၊ တထိန်ထိန်နှင့်၊ ဣန္ဒြေကျစ်လျစ်၊
ရှင်ချစ်နှစ်ပါး၊ စကားသာမော၊ ပြောကြားအံ့ဩ၊ ဘယ်သောချစ်
ရှင်၊ ဘယ်သခင်ဟု၊ ဆံမျှင်မယွင်း၊ မကြွင်းသို့ပါ၊ ကိုယ်သာတစ်၊
သည်လျှင်ဖြစ်ဟု၊ စင်စစ်တူပြိုင်၊ မသိနိုင်တည်း၊ ဘုန်းခိုင်ဘမင်း၊
နောင်တော်ရင်းက၊ သက်နှင်းထွဋ်ခေါင်၊ ငါးမာရ်အောင်ကို၊
မြတ်ခေါင်ဘုန်းတူ၊ ကြွတော်မူ လျှင်၊ မဟာမုနိ၊ ဘုန်းရှိထွဋ်ထား၊
ကိုယ်တော်စားလျှင်၊ ထကြွလုလု၊ လိုက်မည်ပြုသော်၊ သကျ
ထွဋ်ထား၊ ရွှေလက်ဝါးနှင့်၊ ထိမ်းကာနှင်းသော်၊ ရွှေနူတ်ဖော်၏၊
ညီတော်နေလိုက်၊ ငါ့ရှင်ချစ်မူ၊ ကြွလိုက်သောခါ၊ အများ

http://www.dhammadownload.com



ပရိတ်သတ်၊ လူနှင့်နတ်တို့၊ မချွတ်မှန်စွာ၊ ရောက်သောခါဝယ်၊ ငါးထောင်သာသနာ၊ ရှည်ကြာပွင့်ဖြိုး၊ စကားမပြော၊ တုံ့ဗိမောစေ၊ (တုဏှီဘောဟု)၊ ညီတော်နေလိုက်၊ ပင့် (လျှောက်) လိုက်သောအား၊ မာရ်နတ်သားနှင့်၊ စကားလိုက်နာ၊ ရှိလီရာကို၊ အရာလည်းခေါ်၊ သက်တော်ရှစ်ဆယ်၊ အရွယ်စေ့ခါ၊ မင်းမလ္လာသို့၊ လျှော်ရာရရုံး၊ အင်ကြင်းခြံဝယ်၊ ကဆုန်ပြည့်လ၊ မိုးသောက်ထတွင်၊ စံကြွနိဗ္ဗာန်၊ ယူမည်မှန်၍၊ ညီတော်ရှင်ချစ်၊ ငါ့ညီစစ်မူ၊ စကားမပြော၊ တုဏှီဘောဟု၊ မိန့်တော်ပြုရာ၊ မဟာမုနိ၊ ဘုန်းရှိထွဋ်ထား၊ ကိုယ်တော်စားကို၊ အဟံ၊ အကျွန်ုပ် (အကျွန်ုမ) သည်၊ ဝန္ဒေ၊ ဝန္ဒာမိ၊ ရှိခိုးပူဇော်ပါ၏ ဘုရား။ မြတ်ရှင်စော။ သြကာသ သြကာသ သြကာသ။

## အဓိဋ္ဌာန်တော်အကျိုး

၁။ ကမ္ဘာတလွှား၊ ထင်ရှားဂုဏ်တင်၊ မဟာမုနိ၊ မည်ရှိရုပ်ရှင် အာရုံပြုလျက်၊ ထိပ်ထက်မှာတင်၊ အဓိဋ္ဌာန်မြတ်၊ ပွားလတ်သူတော်စင်။

၂။ သုံးငါးခုနစ်ကိုး၊ တမျိုးမျိုးပင်၊ စည်းကမ်းတကျ၊ ပွားများကြလျှင်၊ ဘေးဒဏ် ရန်ကျိုး ကပ်ဆိုးမဝင်၊ ချမ်းသာရောက်၊ မျက်မှောက်စုမှာပင်။

http://www.dhammadownload.com



၃။ ရာထူးလည်းတိုး၊ လာဘ်မိုးဖြိုင်ဖြိုင်၊ အာဏာလွှမ်းမိုး၊ တန်ခိုးတက်နိုင်၊ ပြည်ရွာအတွင်း၊ သတင်းပျံ့ကြိုင်၊ အုံမခန်းထူးဆန်း၊ ရွှေဘုန်းလှိုင်လှိုင်။

မဟာမြတ်မုနိ အဓိဋ္ဌာန်ကျင့်စဉ်တွင်-

၁။ ပထမအဆင့် ၃ ရက်၊ တစ်ရက်လျှင် စိပ်ပုတီးသုံးပတ် (သို့) သုံးနာရီကျစီ "ဘဂဝါ" ဟုပွားများ၊

၂။ ဒုတိယဆင့် ၅ ရက်၊ တစ်ရက်လျှင် စိပ်ပုတီးငါးပတ် (သို့) ငါးနာရီကျစီ "မုနိဘဂဝါ" ဟုပွားများ၊

၃။ တတိယအဆင့် ၇ ရက်၊ တစ်ရက်လျှင် စိပ်ပုတီးခုနစ်ပတ် (သို့) ခုနစ်နာရီကျစီ "မဟာမုနိဘဂဝါ" ဟုပွားများ၊

၄။ စတုတ္ထအဆင့် ၉ ရက်၊ တစ်ရက်လျှင် စိပ်ပုတီးကိုးပတ် (သို့) ကိုးနာရီကျစီ "ဉုံမုနိမဟာမုနိမုနိ" ဟုပွားများ၊

ကျင့်စဉ်ကာလအတွင်းတွင် အနန္တေ အနန္တငါးပါးကို မပြစ်မှားပါ၊ ငါးပါးသီလမြဲနေခြင်း၊ သက်သတ်လွတ် ဆားဟင်း စားမှုခြင်း၊ ဤသမ္မာခုနစ်ချက်ကို ခံယူထားရမည်။

**အဓိဋ္ဌာန်ဆောက်တည်၍** ပြီးဆုံးတိုင်း ပြီးဆုံးတိုင်း ဤ **မဟာမြတ်မုနိ** ဂါထာတော်များကို ရွတ်ဖတ်၍ အဓိဋ္ဌာန်မှုထပါ။

http://www.dhammadownload.com



၉။ မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မဃံ ဒီပေါ၊ မဃံနာထော၊ မဃံဒေတု၊ မဟာဇယော၊ ဦး-မဟာမုနိ ဘဂဝါ နိစ္စံ ပါလေတု မံ သဒါ (၃) ကြိမ်

* အာနန္ဒပုညဝန္တသ္သ မဟာမုနိနော ဂုဏေန တေဇေန အာနုဘာဝေန ဗလေန၊ သဗ္ဗရဇ္ဇေ၊ သဗ္ဗနဂရေ၊ သဗ္ဗဂါမေ၊ သဗ္ဗဂေဟေ၊ သဗ္ဗဝိဟာရေ၊ သဗ္ဗသီမေ၊ သဗ္ဗဥဒကေ၊ သဗ္ဗဝနေ၊ သဗ္ဗပဗ္ဗတေ၊ သဗ္ဗရုက္ခေ၊ သဗ္ဗစေတီယေ၊ သဗ္ဗဂုဟေ၊ သဗ္ဗ ဝိဇ္ဇာဓရာနံ၊ သဗ္ဗ နရာနံ၊ သဗ္ဗ ဒေဝတာနံ၊ သဗ္ဗ ဗြဟ္မာနံ၊ သဗ္ဗ ဓနလာဘမိတ္တံ၊ ပိယံ ဘဝန္တု မမသန္တိ ကေ သိယံ ဖေဟိ ဖေဟိ။

## မေတ္တာပို့အမျှဝေ

အကျွန်ုပ်ပြုလုပ်ရသော ကုသိုလ်ကံ၏ အဖို့ဘာဂကို မိခင် ဖခင် ဆရာရှင်နှင့်တကွ ကိုယ်စောင့်နတ် မဟာမြတ်မုနိ သိမ် တော်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ ပြည်စောင့်နတ်၊ တောစောင့်နတ်၊ ရေစောင့်နတ်၊ သာသနာစောင့်နတ်၊ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုး နဂါးဂဠုန်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗနှင့် စတုလောကပါလာ၊ စွာသောင်းသောင်း၊ သုံးဆယ်တစ်ဘုံ ကျင်လည်နေကြကုန်သော ဗုဂ္ဂိုလ်ကာ၊ သုခိတာ၊ ဝေနေယျ သတ္တဝါ အပေါင်းတို့အား အမျှ ပေးဝေလိုက်ပါ၏။ အမျှ အမျှ အမျှ

http://www.dhammadownload.com



## မဟာမြတ်မုနိဂါထာတော်များ

### ဥုံမုနိပါဒေသွားဟုံဟုံ (၃) ကြိမ်

၁။ မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယှံ ဒီပေါ၊ မယှံနာထော၊ မယှံဒေတု၊ မဟာလာဘော။

၂။ မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယှံ ဒီပေါ၊ မယှံနာထော၊ မယှံဒေတု၊ မဟာသုခေါ။

၃။ မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယှံ ဒီပေါ၊ မယှံနာထော၊ မယှံဒေတု၊ မဟာဘောဂေါ။

၄။ မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယှံ ဒီပေါ၊ မယှံနာထော၊ မယှံဒေတု၊ မဟာဗလော။

၅။ မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယှံ ဒီပေါ၊ မယှံနာထော၊ မယှံဒေတု၊ မဟာယသော။

၆။ မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယှံ ဒီပေါ၊ မယှံနာထော၊ မယှံဒေတု၊ မဟာပညော။

၇။ မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယှံ ဒီပေါ၊ မယှံနာထော၊ မယှံဒေတု၊ မဟာတေဇော။

၈။ မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယှံ ဒီပေါ၊ မယှံနာထော၊ မယှံဒေတု၊ မဟာဣဒ္ဓော။

http://www.dhammadownload.com



ယူတော်မူကြပါစေရန်လော၊ အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ၊ ကျန်းမာချမ်းသာ ရွှင်လန်းနိုင်ကြပါစေသော်။

သူတော်စင် သူတော်ကောင်းအပေါင်းတို့ ပေးပို့လိုက်သော ဆုထူးဆုမြတ်များနှင့် မေတ္တာဘာဝနာတို့ကိုလည်း သာဓု သာဓု သာဓုပါဘုရား ဟူ၍ အဓိဋ္ဌာန်မှ ထကြပါကုန်။

ကြီးပွားတိုးတက်လိုသူတိုင်း ဤ မဟာမြတ်မုနိ အဓိဋ္ဌါန်ကို အမြဲဆောင်ထားကြပါ။

## အဓိဋ္ဌာန်ဝင်ရာ၌တိုင်တည်ရန်

အဓိဋ္ဌာန်ဝင်လိုသူသည် ရေတစ်ခွက်ကို မိမိရှေ့တွင်ချ၍ မြတ်စွာဘုရားအား လက်အုပ်ချီကာ ဤသို့ဆိုပါ။

တပည့်တော်သည် ဤနေ့မှစ၍ မဟာမြတ်မုနိ အဓိဋ္ဌာန် (ပထမအဆင့် ၃-ရက်) ဆောက်တည်လျက် တစ်ရက်လျှင် အနည်းဆုံး ပုတီး ၃-ပတ်စီ "ဘဂဝါ" ဟု ပွားများ အားထုတ်ပါမည်။

အဓိဋ္ဌာန်ကာလအတွင်း အနန္တော အနန္တငါးပါးကို မပြစ်မှားပါ။ ငါးပါးသီလကို ဆောက်တည်ပါမည်။ ဤခုနစ်ချက်ကို သစ္စာအဖြစ် ခံယူပါ၏။ ဤသစ္စာ ခုနစ်ချက် မှန်ကန်သည်ရှိသော် ဘုန်းတန်ခိုး အာနုဘော်တိုးလျက် အရာရာတွင် အောင်

http://www.dhammadownload.com



မြင်ပါစေသား အရှင်ဘုရား။

တပည့်တော်၏ အသက်နှင့်ခန္ဓာကိုယ်ကို ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအားလည်းကောင်း၊ လောကီ လောကုတ္တရာ ဝိဇ္ဇာဓိုရ် အရှင်မြတ်တို့အားလည်းကောင်း၊ အမြဲနိစ္စ လှူဒါန်းပါ၏။ သာသနာစောင့်၊ ကမ္ဘာစောင့်၊ သမ္မာဒေဝ နတ်အပေါင်းတို့အားလည်း အမြဲနိစ္စ အပ်နှံထားပါ၏။ အဓိဋ္ဌာန်သစ္စာ တည်နေသမျှ ကာလပတ်လုံး မကောင်းကိုပယ် ကောင်းကိုကယ်၍ ကူညီမစ စောင့်ရှောက်ပေးကြပါကုန်လော ဟုဆို၍ ချထားသော ရေခွက်ကို သောက်ပါ။

မှတ်ချက်။ ။ ဒုတိယ၊ တတိယ စသောအဆင့်များတွင်လည်း လှည့်လည်၍ ဆိုပါလေ။

## မဟာမြတ်မုနိ ဂါထာတော်များအနက်

မုနိပါဒေ၊ မုနိငါးပါးတို့ထက် ဆထက်လွန်ကျူး၊ အထူးသပြင့်၊ မြတ်တော်မူထသော၊ မဟာမုနိ၊ မည်ရှိထင်ပေါ်၊ ရုပ်ရှင်တော်မြတ်၏ ခြေတော်အစုံ စက်ပဒုံတို့ကို၊ အဟံ၊ တပည့်တော်သည်၊ ဦး-နမော၊ လက်ဆယ်ပြာမိုး၊ ရှိညွှတ်ကျိုး၍၊ ရှိခိုးမာန်လျှော့၊ ကန်တော့ပါ၏ မြတ်စွာဘုရား။ သွားဟုံဟုံ၊ ကိုယ်တွင်းကိုယ်ပ များလှသွယ်သွယ် အန္တရာယ်ခပ်သိမ်း ကင်းလွတ်ငြိမ်း၍၊

http://www.dhammadownload.com



လောကီရိပ်ငြိမ်၊ စည်းစိမ်ကျက်သရေ စိန်၊ ရွှေ ငွေနှင့် ခြွေရံသင်းပင်း ကျော်စောခြင်းအစ အလုံးစုံသော ကောင်းကျိုးချမ်းသာ မင်္ဂလာဟူသမျှ အဝဝနှင့် မသွေမုချ ပြည့်စုံရသည်၊ ဘဝတုံ၊ နေ့တိုင်း ညတိုင်း ခါမဆိုင်းဘဲ မှန်တိုင်းမသွေ ဖြစ်ထွန်းပေါ်လာပါစေသတည်း။

၁။ မဟာမုနိ၊ မဟာမုနိ မည်ရှိထင်ပေါ် ရုပ်ရှင်တော်မြတ်သည်။ မဟာပုညော၊ ကြီးမြတ်သော ဘုန်းသမ္ဘာ ရှိတော်မူ၏။ မဟာမုနိ၊ မဟာမုနိ မည်ရှိထင်ပေါ်၊ ရုပ်ရှင်တော်မြတ်သည်၊ မဟာတေဇော၊ ကြီးမြတ်သော အစွမ်းသတ္တိ အာနုဘော် ရှိတော်မူ၏။ မဟာမုနိ၊ မဟာမုနိ မည်ရှိထင်ပေါ် ရုပ်ရှင်တော်မြတ်သည် မဟာမဟိဒ္ဓိကော၊ ကြီးမြတ်သော တန်ခိုးဣဒ္ဓိပါဒ် ရှိတော်မူ၏။ မဟာမုနိ၊ မဟာမုနိ မည်ရှိထင်ပေါ် ရုပ်ရှင်တော်မြတ်သည်၊ မယ့်မဟာမုနိ၊ အစိဋ္ဌာန် ကျင့်ကြံအားထုတ် အကျွန်ုပ်၏။ ဒီပေါ မှီခိုအားထားရာ ဖြစ်တော်မူပါပေ၏။ မဟာမုနိ မဟာမုနိ မည်ရှိထင်ပေါ် ရုပ်ရှင်တော်မြတ်သည်။ မယ့်၊ အကျွန်ုပ်၏၊ နာထော ကိုးကွယ်လဲလျောင်း ပုန်းအောင်းရာ ဖြစ်တော်မူပါပေ၏။ မဟာမုနိ၊ မဟာမုနိ မည်ရှိထင်ပေါ် ရုပ်ရှင်တော်မြတ်သည်၊ မယ့် အကျွန်ုပ်အား။ မဟာလာဘော၊ လာဘ် သပ္ပကာများခြင်းကို ဒေတု၊ ကရုဏာထား၊ မေတ္တာပွား၍ သနားကြည်ဖြူ ပေးတော်ပါဘုရား။

http://www.dhammadownload.com



မှတ်ချက်။ နောက်ဂါထာများတွင် ထူးခြားသောအနက်ကိုသာ ဖေါ်ပြပါမည်။

၂။ မဟာသုခေါ၊ မွန်မြတ်သော စည်းစိမ်ချမ်းသာ အဖြာဖြာကို။

၃။ မဟာဘောဂေါ-များမြတ်သော အသုံးအဆောင်ကို။

၄။ မဟာဗလော-မွန်မြတ်သော ခွန်အားဗလကြီးခြင်းကို။

၅။ မဟာယသော-အကျော်အစော အခြံအရံများခြင်းကို။

၆။ မဟာပညော-ကြီးကျယ်သော ဉာဏ်ပညာနှင့်ပြည့်စုံခြင်းကို။

၇။ မဟာတေဇော-ဘုန်းတန်ခိုးတေဇာအာနုဘော်ကြီးခြင်းကို။

၈။ မဟာလက္ခဏော-မွန်မြတ်သောအစိုးရခြင်းကို။

၉။ မဟာဇယော-မွန်မြတ်သော အောင်မြင်ခြင်း ဟူရာ အဖြာဖြာကို

* ဦး ဘုန်းကြီးသက်ရှည် စည်းစိမ်တည်ပါစေဘုရား။ ဘဂဝါ၊ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တဟု ခြောက်ဝ ဘုန်းမျော်၊ အာနုဘော်ရှိတော်မူထသော၊ မဟာမုနိ၊ မဟာမုနိ မည်ရှိထင်ပေါ် ရုပ်ရှင်တော်မြတ်သည်။ မံ၊ အကျွန်ုပ်ကို။ သဒါ၊ နေ့ရောညဉ့်ပါ ဘယ်ခါမဆိုင်း အချိန်တိုင်း၌၊ နိစ္စံ၊ အမြဲ၊ ပါလေတု၊ ကူညီမစ စောင့်ရှောက်တော်မူပါဘုရား။ ဘုရား။

မဟာမြတ်မုနိ အဓိဋ္ဌာန်ကျင့်စဉ်ပြီး၏

http://www.dhammadownload.com



# မုနိရာဇာပူဇော်နည်း

## ပိုဖျက် လိုစွက် မှားမဖက်နှင့်

## ကောဇာ ၁၃၅၁ - ခု၊ တော်သလင်းလ

မုနိရာဇာ ပေါ်ထွန်းလာ၊ တိုင်းပြည်မြို့ရွာ၊ လွန်သာယာ၊ မုနိရာဇာ သင့်အိမ်ရောက်၊ ဘေးဒဏ်ရန်မာန်ပျောက်၊ ရွှေတောင်ပေါက်၊ ငွေတောင်ပေါက်။

### အမှာစကား

ဒေဝမနုဿာနံ ဟိတာယ အတ္ထာယ သုခါယ၊ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ (အဂုံတ္တိုရ်ပါဠိတော်) မြတ်စွာဘုရားတို့မည်သည် သတ္တဝါအများတို့ အကျိုးစီးပွား ဖြစ်ထွန်းစေရန် ကြီးပွားချမ်းသာကြစေရန်သာ ပွင့်တော်မူလာပါသည်။ ရှေးသူမြတ်တို့သည် မြတ်စွာဘုရားကို လက်ဟန်ခြေဟန် အမျိုးမျိုးဖြင့်လည်းကောင်း၊ နံသင့်ရာဘုရား ဒက္ခိဏသာခါဘုရား စသည်ဖြင့်လည်းကောင်း၊ ထုလုပ်ကာ ကိုးကွယ် ပူဇော်ကြပါသည်။ တကယ်တန်း ယုံ၍ လုပ်လျှင် တကယ်အကျိုး ခံစားကြရပေသည်။

ယခု ဖော်ပြလတ့်သော မုနိရာဇာ ပူဇော်နည်းကိုလည်း အစီအစဉ်အတိုင်း ကိုးကွယ်ပူဇော်ကြလျှင် အကျိုးကျေးဇူးများ ဒိဋ္ဌလက်ငင်း တွေ့ကြုံခံစား ကြရမည်ဖြစ်ပါသတည်း။ အားလုံး ချမ်းသာကြပါစေသော်ဝ်။

http://www.dhammadownload.com



## မုနိရာဇာပူဇော်နည်း

ဩြောင်၊ နမောတဿ မုနိရာဇဿ အနန္တ ပုည ဝန္တဿ ဩြောင်၊ လိုအင်ဆန္ဒ ပြည့်ဝပါစေသတည်း။ အနန္တပုည ဝန္တဿ အဆုံးမရှိ ကြီးဘိဘုန်းမော်၊ တန်ခိုးတော်ရှိသော၊ တဿ မုနိရာဇဿ၊ မုနိငါးဝ၊ စိုးရသခင်၊ ထိုဘုရားရှင်အား၊ အဟံ၊ ကြီးပွားကို မျှော် တပည့်တော်သည်။ နမော နမာမိ၊ ဆယ်ဖြာရိုကျိုး လက်စုံ မိုး၍၊ ရှိခိုးပါ၏ ဘုရား။

မုနိရာဇာဟူသောအမည်သည် မြတ်စွာဘုရား၏ အမည် ဖြစ်သည်။ မုနိငါးပါးတို့ကို အစိုးရတော်မူသောကြောင့် မြတ်စွာ ဘုရားကို မုနိရာဇာဟုလည်း ခေါ်ကြပါသည်။ မုနိရာဇာ ပူဇော် နည်းဖြင့် ပူဇော်လိုသော သူတို့သည် ရှေးဦးစွာ မုနိရာဇာ ရုပ်ပွား တော်ကို ထုလုပ်ထားရပေမည်။ (မထားနိုင်က အာရုံပြု၍ ပူဇော် လေ)

မုနိရာဇာ၊ ရုပ်ပွားတော်မှာ ဦးခေါင်းကို မကိုင်းသရဖူ ဆောင်းလျက် လည်ရွှေးတန်ဆာများ ဆင်ထားပြီး ခန္ဓာတော် ကို သင်္ကန်းတော် ဝတ်ဆင်ထားကာ ရဟန်းနှင့် မင်းနှစ်ပါးပုံ ပေါ်လွင်အောင် ထုလုပ်ထားရပေမည်။ ညာဏ်တော်အမြင့်မှာ ၇-ရက်သားသမီးများကို ရည်ရွယ်၍ ၇-လက်မ ၁၄-လက်မ စသည့်ဖြင့် ခုနစ်-ဂဏန်းကျေပြုလုပ်ပြီး ညာလက်ဝါးကို အပြင် သို့ လှန်ပြထားသော ဒါနမုဒြာဆုပေးဟန် ပြထားရမည်။

http://www.dhammadownload.com



ဤ မုနိရာဇာ ပူဇော်နည်းကို လေးစားယုံကြည်စွာနှင့် အစီအစဉ်အတိုင်း ပူဇော်ကြလျှင်-

၁။ မီးဘေး၊ ရေဘေးစသော ဘေးဆိုးတို့မှ လွတ်မြောက်ခြင်း၊

၂။ ရန်သူတို့မနှိပ်စက်ခြင်း၊

၃။ မရသေးသော ရာထူး/စည်းစိမ်ကို ရရှိခြင်း၊

၄။ ဆုတ်ယုတ်နေသောရာထူး/စည်းစိမ်ဥစ္စာများ ပြန်လည်တိုးတက်လာခြင်း၊

၅။ ရရှိပြီးသော ရာထူး/စည်းစိမ်ဥစ္စာများ ပိုမိုကြီးထွားလာခြင်း၊

၆။ လူနတ်အပေါင်းတို့ ချစ်မြတ်နိုးခြင်း၊

၇။ လုပ်ကြံသမျှ ပြီးစီးအောင်မြင်နိုင်ခြင်း။

စသော အကျိုးကျေးဇူးများကို ဒိဋ္ဌလက်ငင်း ခံစားကြရမည် ဖြစ်ပါသည်။

## မုနိရာဇာပူဇော်နည်းစည်းကမ်းများ

မုနိရာဇာပူဇော်နည်းကို ပြုလုပ်လိုလျှင် ဤစည်းကမ်းချက်များကို နားလည်ထားရပါမည်။

၁။ ပူဇော်မည့်နေရာ ၃။ ပူဇော်သူကျင့်ဝတ်

http://www.dhammadownload.com



၂။ ပူဇော်မည့်နေ့ရက် ၄။ ပူဇော်ရန်အစီအစဉ်
၅။ ပူဇော်မည့်အကြိမ်

၁။ ပူဇော်မည့်နေရာ

ပူဇော်မည့်နေရာသို့ ပူဇော်မည့်သူမှတပါး တခြားသူများ မဝင်စေရ ပင့်ထားသော မုနိရာဇာရှေ့တွင် ကန်တော့ပွဲတစ်ပွဲနှင့် ထီးဖြူ တံခွန်၊ ကြက်လျှာ၊ ကုက္ကား၊ မုလေးပွား၊ ရှောင်ရေအိုး၊ ရေချမ်းခွက်၊ ဆွမ်း၊ ဆီမီး၊ ပန်းပွင့်တစ်မျိုးလျှင် (၇)ပွင့်စီ လှူဒါန်းထားပါ။ ရှောင်ရေ ၇-လုံးတွင် ၇-နေ့သား အညွှန့်တို့ကို တအိုးလျှင် ခုနစ်ညွှန့်ကျ စိုက်ထိုးပါ။ မုနိရာဇာပေါ်တွင် ပိတာန် မျက်နှာကြက်ထားရမည်။ ညနေချိန်တွင် အဖျော်ယမကာများ လှူဒါန်းထားပါလေ။

၂။ ပူဇော်မည့် နေ့ရက်

မုနိရာဇာ ပူဇော်မှုသည် မိမိမျက်မှောက် ကြီးပွားချမ်းသာရေးကို ဦးတည်ထားခြင်း ဖြစ်သောကြောင့် မိမိမွေးနေ့ တစ်ရက်ကိုသာ ပူဇော်မည့်နေ့ရက် အဖြစ် သတ်မှတ်ထားသည်။

http://www.dhammadownload.com



## ၃။ ပူဇော်သူကျင့်ဝတ်

မုနိရာဇာပူဇော်လိုသူသည်

၁။ သန့်ပြန့်သောအဝတ်ကိုဝတ်ဆင်ခြင်း၊

၂။ အနန္တော အနန္တ ငါးပါးကို မပြစ်မှားခြင်း၊

၃။ ငါးပါးသီလ ဆောက်တည်ထားခြင်း၊

၄။ သက်သတ်လွတ် (ဆားဟင်း) စားခြင်း၊

၅။ သတ္တဝါများအပေါ် မေတ္တာစိတ်ထားရှိခြင်း။

ဤကျင့်ဝတ်များကို ပူဇော်ကာလအတွင်း ပြည့်စုံအောင် စောင့်စည်းထားရမည်။

## ၄။ ပူဇော်မည့်အကြိမ်

ပူဇော်မည့်အကြိမ်ကို မြတ်စွာဘုရားရှင် သတ္တသတ္တာဟ ခုနစ်ဌာန စံတော်မူခန်းကို ရည်စူး၍ တကြိမ်လျှင်၊ ၇-ရက်ကျစီ ၇-ကြိမ် သတ်မှတ်ထားပါသည်။ တကြိမ်လျှင် နံနက်တချိန် ညတချိန် ပူဇော်ပါ။

http://www.dhammadownload.com



၅။ ပူဇော်ရန်အစီအစဉ်

မုနိရာဇာပူဇော်နည်းကို ပြုလုပ်လိုသောသူမြတ်သည်

၁။ မုနိရာဇာပင့်ဖိတ်ရန် ၅။ မုနိရာဇာစက်ပရိတ်တော်ရွတ်ရန်

၂။ ကန်တော့ရန် ၆။ မေတ္တာပို့ရန်

၃။ ပစ္စည်းများလှူဒါန်းရန် ၇။ အမျှအတန်းပေးဝေရန်

၄။ ပုတီး (၄၉) ပတ်စိပ်ရန်။

ဤအစီအစဉ်အတိုင်း ပူဇော်ရပါမည်။

၁။ မုနိရာဇာပင့်ဖိတ်ရန်

အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ အပ္ပမေယျ သေဋ္ဌ ဇေဋ္ဌ အတုလပရမံ ဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓ၊ သုံးလောကပရမေ မုနိရာဇာ မြတ်စိန္တေဘုရား တပည့်တော် (တနင်္ဂနွေသား) သည် ယနေ့မှစ၍ ဘယ်နေ့အထိ ခုနစ်ရက်တိုင်တိုင် ပူဇော်ကိုးကွယ် လိုပါသဖြင့် ပင့်ဖိတ် လျှောက်ထားအပ်ပါသည်။ မဟာကရုဏာ တော်ရှေ့ကထား မေတ္တာပွား၍ ခင်းထားအပ်သော နေရာတော် မြတ်သို့ ကြွမြန်းတော်မူလှည့်ပါဘုရား။

http://www.dhammadownload.com



## ၂။ ကန်တော့ရန်

ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မုနိငါးပါးတို့၏ အရှင်သခင် ကျွန်ုပ်ထိပ်တင် ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော သုံးပါးသောကံတို့တွင် တပါးပါး သောကံဖြင့် ပြစ်မှားကျူးလွန် မိခဲ့သည်ရှိသော် ထိုအပြစ်တို့မှ အခါခပ်သိမ်း ကင်းလွတ်ပါရခြင်း အကျိုးငှါ ပထမ၊ ဒုတိယ၊ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ရှိသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

## ၃။ ပစ္စည်းများလှူဒါန်းရန်

ဘုရားတပည့်တော်သည် ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ တိုးတက်ပါစေရန် အလို့ငှါ လောကီဥစ္စာ ရတနာဆယ်ပါးကို ရည်စူး၍ စီမံထားသော ဤဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ ညောင်ရေ ထီး၊ တံခွန်၊ ကြက်လျှာ၊ ကုက္ကား၊ မုလေးပွား ဆယ်မျိုးတို့ဖြင့် လှူဒါန်းပူဇော် ဆက်ကပ်ပါ၏။ သနားသောအားဖြင့် လက်ခံ ချီးမြှင့်တော်မူပါဘုရား။

http://www.dhammadownload.com



## ၄။ ပုတီး (၅၉)ပတ် စိပ်ရန်

ပန်းနံ့သာ ပဉ္စမ ... ပန်းများ လှူဒါန်းပြီးလျှင် ဘုရားရှင်အား လှူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ ထီး၊ တံခွန်၊ ကုက္ကား စသည်တို့ဖြင့် ပူဇော်နေကြပြန်ကို အာရုံပြု၍ အရဟံဂုဏ်တော်မြတ်ကို ပုတီး (၅၉) ပတ်စိပ်ပါ။

## ၅။ မုနိရာဇာစတ်ပရိတ်တော်ရွတ်ရန်

ဩောင် နမောတဿ မုနိရာဇဿ အနန္တ ပုညဝန္တဿ။

၁။ မုနိရာဇာ ဓိပတေယျာ သီသေဋ္ဌတွာန မေသဒါ၊ ဒိနေ ဒိနေ ဩဝဒိတွာ၊ သဗ္ဗသိဒ္ဓိ ဇယံဒဒါ၊ အန္တရာယာ နဘာဝေန ဝိနဿန္တု အသေသတော။

၂။ မုနိရာဇာ ဘဂဝါ အဂါရိယမုနိ၊ အနာဂါရိယမုနိ၊ သေက္ခမုနိ၊ အသေက္ခမုနိ၊ သခီတာနံ၊ ပဥ္စန္နံ၊ မုနိနံ၊ အဓိပတိ ဣဿရော ဥတ္တမော မဟာနာယကော။

၃။ မုနိရာဇာ ဘဂဝါ၊ အနန္တပုညော၊ အနန္တညာဏော၊ အနန္တဂုဏော၊ အနန္တတေဇော၊ အနန္တသိရိ၊ အနန္တကိတ္တိ၊ အနန္တဇုတိ၊ အယံ မုနိရာဇာ ဘဂဝါ မယှံဒီပေါ၊ မယှံနာထော၊ မယှံပတိဋ္ဌော၊ မယှံတာဏော၊ မယှံ လေဏော၊ မယှံပဋိ သရဏော။

၄။ အနန္တပုညောအယံ မုနိရာဇာဘဂဝါ၊ အနန္တေဟိ၊ ပုည

http://www.dhammadownload.com



စတ္တေဟိ သဒါမံ ရက္ခုမျှ အနန္တ ဉာဏော အယံ မုနိရာဇာဘဂဝါ၊ အနန္တေဟိ၊ ဉာဏ စတ္တေဟိ သဒါမံ ရက္ခုမျှ အနန္တ ဂုဏော အယံ မုနိရာဇာ ဘဂဝါ၊ အနန္တေဟိ၊ ဂုဏ စတ္တေဟိ သဒါမံ ရက္ခုမျှ အနန္တ တေဇောအယံ မုနိရာဇာဘဂဝါ၊ အနန္တေဟိ၊ တေဇ စတ္တေဟိ သဒါမံ ရက္ခုမျှ အနန္တ သီရိ အယံ မုနိရာဇာ ဘဂဝါ၊ အနန္တေဟိ၊ သီရိ စတ္တေဟိ သဒါမံ ရက္ခုမျှ အနန္တ ကိတ္တိ အယံ မုနိရာဇာဘဂဝါ၊ အနန္တေဟိ၊ ကိတ္တိ စတ္တေဟိ သဒါမံ ရက္ခုမျှ အနန္တ ဓုတိ အယံ မုနိရာဇာဘဂဝါ၊ အနန္တေဟိ၊ ဓုတိ စတ္တေဟိ သဒါမံ ရက္ခုမျှ။

၅။ မုနိရာဇဿ ဘဂဝတော ဂုဏေန၊ တေဇေန၊ ဗလေန၊ အာနုဘာဝေန၊ အနန္တေဟိ၊ သဗ္ဗရောဂါ ဘယာဝေရာ ဝိနဿန္တု အသေသတော၊ ကုစ္ဆိတံ ပဏ္ဍိတံ မယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု၊ သဗ္ဗေ ဝုဍ္ဎေ့ သက်ပွါ စန္ဒော ပန္နရသော ယထာ၊ ဒီယာယုကော မယှံ ဟောတု၊ သဗ္ဗဘောဂါ ပဝတ္တန္တု၊ သဗ္ဗ ကမ္မာနိ သမိဇ္ဈန္တု၊ အာတာသဌာ စဘုံမဌာ၊ ရုက္ခဌာစ၊ လောကပါလာ၊ ကုမ္ဘဒေဝါ သ ပြဟ္မကာ၊ မယှံ အနုရက္ခန္တု သဗ္ဗဒါ။

### ၆။ မေတ္တာပို့ရန်

မုနိရာဇာနုဘာဝေန၊ ဒုနိမိတ္တာ၊ ဒုမင်္ဂလာ၊ ဒုသဒ္ဒါ ပါပဂ္ဂဟာစ ဝိနဿန္တု ဒုသုပိနာ၊ သဗ္ဗေသတ္တာ အဝေရာစ အဗျာ

http://www.dhammadownload.com



ပဋ္ဌာန၊ အနိယာ၊ အညမည ပိယာဟောန္တု သိဋ္ဌန္တု သဗ္ဗ သက်ပွါ။

## ၇။ အမျှအတန်းပေးဝေရန်

ကျွန်ုပ်ပြုလုပ်ရသော ကုသိုလ်ကံ၏ အဖို့ဘာဂကို မိခင်၊ ဘခင်၊ ဆရာရှင်နှင့်တကွ၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ ပြည်စောင့်နတ်၊ တောစောင့်နတ်၊ ရေစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ အာကာကာစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုးက၊ နဂါးဂဠုံ၊ ကုမ္ဘာန် ယက္ခ၊ ဂန္ဓဗ္ဗနှင့် စတုလောကပါလ စသွာသောင်းသောင်း သုံးဆယ့်တစ်ဘုံ ကျင်လည်နေကြကုန်သော ဒုက္ခိတ၊ သုခိတ၊ ဝေနေယျ၊ သတ္တဝါအပေါင်းတို့အား အမျှပေးဝေလိုက်ပါ၏။ အမျှ -အမျှ -အမျှ - ယူတော်မူကြပါကုန်လော-

အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျမ်းမာချမ်းသာ ရွှင်လန်းနိုင်ကြပါစေသော်၊ သူတော်စင် သူတော်ကောင်းအပေါင်းတို့ ပေးပို့လိုက်သော ဆုထူးဆုမြတ်များနှင့် မေတ္တာဘာဝနာတို့ကိုလည်း သာဓု -သာဓု -သာဓုပါဘုရားဟု ဆို၍ ကြေးစည်သုံးချက်ကီးလျက် ပူဇော်ပွဲ ရပ်နားပါလေ။ မိမိတို့လိုအင်ဆန္ဒ ပြည့်ဝနိုင်ကြပါစေသော်။

မုနိရာဇာပူဇော်နည်းပြီး၏